# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁)ရက် ၊ သောကြာနေ့ ၊ (1-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၈၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။


၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရေထွက်ကျောက်ခေါင်း(လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေသတ်မှတ်



**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင် ပြဋ္ဌာန်းသည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(က) အရအပ်နှင်းထားသည့်အခွင့်အာဏာများကို ကျင့်သုံး၍ ရှမ်းပြည်နယ် တောင်ကြီးခရိုင် ရွာငံမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၇၅ ဧကရှိသော နယ်မြေကို **“ရေထွက်ကျောက်ခေါင်း(လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ”**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၉၃/၂၀၂၄)အရ ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ ရက် (၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ထုံးကျောက်တောင်များတွင် ကျက်စားသည့် ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များနှင့် ယင်းတို့၏ ထုံးကျောက်တောင်ဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ရန်၊ သိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူပြုစေရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်နှင့်ပန်းလောင်နှင့် ဇော်ဂျီမြစ်တို့၏

စာမျက်နှာ ၁၈ ကော်လံ ၁

မြစ်ကြီးနားမြို့နယ်နှင့် ကျောက်တန်း မြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက် စာမျက်နှာ- ၁၉

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ် စာမျက်နှာ- ၂၂

ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ပွဲတော်ပြက္ခဒိန်များ နှစ်စဉ်ထုတ်ဝေနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

စာမျက်နှာ- ၁၇




ရတနာပုံ
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁ ရက်
အယ်ဒီတာ့အာဘော်

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး

ခရီးသွားလုပ်ငန်းသည် အကျိုးအမြတ်များသော မီးခိုးမထွက်သည့်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သောကြောင့် ကမ္ဘာပေါ်ရှိနိုင်ငံများသည် ခရီးသွားလုပ်ငန်းကို ဦးစားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည်လည်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင်ကောင်းများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်၍ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်စေရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိပေသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေသတွင်းရှိ ရှေးဟောင်းအမွေအနှစ်များ၊ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည့် အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများအားလုံး သန့်ရှင်းသာယာလှပစေရေး၊ အမြင်တင့်တယ်မှုရှိစေရေး ပြုပြင်ထိန်းသိမ်းကြရမည်ဖြစ်သည်။ ထို့ပြင် လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်စေရေးအတွက် Green Zone များကိုလည်း ဖန်တီးပေးရန်လိုပေသည်။ ထိုသို့ဆောင်ရွက်ထားရှိခြင်းအားဖြင့် ဒေသတွင်းသို့ ခရီးသွားဧည့်သည်ဝင်ရောက်မှုပိုမိုများပြားလာပြီး ငွေကြေးလည်ပတ်မှု အားကောင်းလာမည်ဖြစ်ကာ ဒေသဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေပြီး ခရီးသွားလုပ်ငန်းကိုလည်း ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သည်။ အိမ်သာယာမှသာ ဧည့်လာမည်ဖြစ်ပေသည်။

ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ များပြားလာမည်ဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးသွားများလာရောက်လည်ပတ်လိုသည့်ဒေသများဖြစ်စေရေး၊ ဒေသများအလိုက် သန့်ရှင်းသာယာလှပပြီး ပန်းပေါင်းဝေဆာသည့် ဒေသများဖြစ်စေရေး ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ တည်းခိုသည့်ဟိုတယ်များနှင့်တည်းခိုခန်းများ သန့်ရှင်းမှုရှိစေရေး ဆောင်ရွက်ထားကြရမည်ဖြစ်ပေသည်။

ခရီးသွားလုပ်ငန်းသည် ဝင်ငွေအများအပြားရှာဖွေပေးနိုင်သည့် လုပ်ငန်းဖြစ်သောကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်တို့အနေဖြင့် ဟန်ချက်ညီညီဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်မည်ဖြစ်ပေသည်။ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ တည်းခိုနိုင်ရေးနှင့်ဝန်ဆောင်မှုရယူနိုင်ရေးတို့အတွက် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ၊ ခရီးစဉ်ဒေသအသစ်များဆောင်ရွက်ထားကြရမည်ဖြစ်ပေသည်။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်းအနေဖြင့် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိခရီးသွားလုပ်ငန်းအခြေအနေများကို ဘက်စုံထောင့်စုံ၊ ကဏ္ဍစုံက ရှုမြင်သုံးသပ်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရလဒ်ကောင်းများဖော်ထုတ်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသော ခရီးသွားလုပ်ငန်းကို ဆန်းသစ်တီထွင်သောပုံစံများဖြင့် ဖန်တီးလုပ်ကိုင်နိုင်ရေး ကြိုးစားကြရန်လိုသကဲ့သို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းများကို အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၅၇၉၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**အင်းတော် အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၅၇၉၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၅၅၉၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၅၇၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အင်းတော်မြို့နယ်အတွင်း စပါးဧက ၅၅၉၈၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၅၅၇၉၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ အင်းတော်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

(၂၀၆)

# ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများပြား၍ မန္တလေးဈေးကွက်အတွင်း ပဲကြီးအရောင်းအဝယ်ကောင်းမွန်နေ



**မန္တလေး အောက်တိုဘာ ၃၁**

ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများပြား၍ မန္တလေးဈေးကွက်အတွင်း ပဲကြီးအရောင်းအဝယ်ကောင်းမွန်နေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပဲကြီးကို ပြည်တွင်း၊ ပြည်ပကဝယ်ယူမှုများပြားလျက်ရှိကြောင်း၊ ထို့ကြောင့် အောက်တိုဘာလ နောက်ဆုံးပတ်မှစ၍ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ပဲကြီးက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းတဲ့ ပဲအမျိုးအစားထဲမှာပါတယ်။ အခုလက်ရှိမှာတော့ ပဲကြီးအရောင်းအဝယ် ကောင်းမွန်လာပါတယ်။ ရန်ကုန်နဲ့မန္တလေးအပြင် အခြားမြို့တွေမှာလဲ ပဲကြီးအရောင်းအဝယ် ကောင်းနေပါတယ်"ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ပဲကြီးအရောင်းအဝယ်ကောင်းမွန်လာမှုကြောင့် ယနေ့ပေါက်ဈေးအရ ပဲကြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ ကုလားပဲ၊ နှမ်းအပြင် ပဲကြီးကလဲ အရောင်းအဝယ်ကောင်းတဲ့ ပဲအမျိုးအစားတွေထဲမှာ ပါပါတယ်။ အခုလတ်တလော ပဲကြီးအရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေ များလာတာကြောင့် ပဲကြီးက အရောင်းအဝယ် ကောင်းမွန်နေတာဖြစ်ပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ဆိုင်ကယ်အသစ်ဈေးနှုန်းများ ဈေးပြန်ကျသော်လည်း အရောင်းအဝယ်ဖြစ်မှု နည်းနေသေးပြီး ဈေးနှုန်းကျဆင်းလာခြင်းမရှိသေးသည့် တစ်ပတ်ရစ်ဘီးများတွင် ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တစ်ပတ်ရစ်ဆိုင်ကယ်များ ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်နေမှုတွင်လည်း ငွေကျပ် ခုနစ်သိန်းခန့်ဈေးတန်းများ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဘီးအသစ်တွေ ဈေးကျပေမဲ့ အဝယ်နည်းတယ်။ ဘီးအဟောင်းတွေ ဈေးမကျသေးဘူး။ အရောင်းအဝယ်ပုံမှန်ရှိနေတယ်။ ဘီးအသစ်ဈေးကျတာက တက်ထားတဲ့ဈေးကနေ နည်းနည်းလေးပြန်ကျတာမျိုးပါ"ဟု ဆိုင်ကယ်ဝယ်ရောင်းပြုလုပ်သူ ဦးမင်းနိုင်က ပြောပြသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် အော်တိုဂီယာ နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ သိန်း ၇၀ ခန့်ထိ ဈေးပေါက်နေပြီး ထိုင်းနိုင်ငံထုတ် Scoopy i အမျိုးအစားဘီးများတွင် နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် 110 အမျိုးအစားများမှာ ငွေကျပ် ကိုးသိန်းငါးသောင်းမှ ၁၈ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၁၄ သိန်းမှ ၂၅ သိန်းရှိကြောင်း သိရသည်။

ကားဈေးကွက်တွင် ကားဈေးများ မြင့်တက်နေဆဲဖြစ်သောကြောင့် ကြိုက်ရောင်းကြိုက်ဝယ် ပုံစံဖြင့်သာ အရောင်းအဝယ်ဖြစ်နေပြီး ငွေကျပ် သိန်း ၅၀၀ ခန့် ကားများ အရောင်းအဝယ်ရှိနေဆဲဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

"ဈေးကွက်ထဲမှာတော့ ငွေကျပ်သိန်း ၅၀၀ လောက် ကားလေးတွေ အရောင်းအဝယ်ရှိနေဆဲဖြစ်ပါတယ်။ ကားဈေးတွေက တည်ငြိမ်တဲ့ဈေးတန်းတစ်ခု ပြန်မရောက်သေးပါဘူး။ ၆၆၀ စီစီ ကားလေးတွေကတော့ အရောင်းအဝယ်ရှိနေသေးတာ တွေ့ရပါတယ်"ဟု ကားဝယ်ရောင်းပြုလုပ်သူ ဦးဇော်ကြီးက ပြောပြသည်။

လျှပ်စစ်ကားများသည် ငွေကျပ်သိန်း ၁၃၀၀ ခန့် ပေါက်ဈေးရှိပြီး ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင် ဟိုက်ဂျက်အော်တို ငွေကျပ်သိန်း ၂၀၀ ခန့်၊ Manual ငွေကျပ် ၁၇၅ သိန်း ခန့်ဈေးပေါက်နေသကဲ့သို့ ခွေးဘီလူးကားများမှာ Manual ငွေကျပ် သိန်း ၁၇၀၊ အော်တို ငွေကျပ်သိန်း ၁၆၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှ တစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဦးထွန်းဝင်း-ဒေါ်နန်းခင်မေလှိုင်မိသားစုက ဆွမ်းဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၇၃၅၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

## မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧက ၁၀၅၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧက ၁၀၅၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၁၅၂၀ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၁၀၅၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်မှာ နှမ်းဧက ၁၁၅၂၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခု လက်ရှိ နှမ်းစိုက်ခင်းတွေ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၁၀၅၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကျန်တဲ့ဧကတွေ ဆက်လက် ရိတ်သိမ်းနေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေး အသိပညာ ပေးခဲ့ကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထားသော သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင် သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်း လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

## ပြင်ဦးလွင်မြို့နယ် ဘူတာ(ကံပြင်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပြင်ဦးလွင် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘူတာ(ကံပြင်) ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ဘူတာ(ကံပြင်)ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းကိုရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဘူတာ(ကံပြင်)ကျေးရွာ၌ အရှည် ၅၅၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၅၀ စုစုပေါင်းငွေကျပ်သိန်း ၂၀၀ အသုံးပြု၍ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အေးသူ

## ရန်ကုန်ဆိပ်ကမ်းများသို့ ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလထိ နိုင်ငံတကာသင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၅၁၆ စီး ဝင်ရောက်ခဲ့

**ရန်ကုန် အောက်တိုဘာ ၃၁**

ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလထိ ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာ သင်္ဘောလိုင်းများမှ ကုန်သေတ္တာတင် သင်္ဘော ၅၁၆ စီး ဝင်ရောက်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာ သင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘောများ ဝင်ရောက်ထားမှုမှာ ဇန်နဝါရီလတွင် ၄၉ စီး၊ ဖေဖော်ဝါရီလတွင် ၅၃ စီး၊ မတ်လတွင် ၅၅ စီး၊ ဧပြီလတွင် အစီးရေ ၅၀၊ မေလတွင် ၅၂ စီး၊ ဇွန်လတွင် အစီးရေ၅၀၊ ဇူလိုင်လတွင် အစီးရေ၅၀၊ ဩဂုတ်လတွင် အစီးရေ ၅၀၊ စက်တင်ဘာလတွင် ၅၅ စီး၊ အောက်တိုဘာလတွင် ၅၂ စီး ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

“နိုဝင်ဘာလအတွင်းမှာလဲ မြန်မာနိုင်ငံကို ကုန်သေတ္တာတင်သင်္ဘော ၅၇ စီး ဝင်ရောက်ဖို့ရှိပါတယ်။ အောက်တိုဘာလကလဲ မြန်မာနိုင်ငံကို ကုန်သေတ္တာတင် သင်္ဘော ၅၂ စီး ဝင်ရောက်ခဲ့ပါတယ်။ ကုန်သွယ်မှုလုပ်ငန်းတွေကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက ပိုမိုဆောင်ရွက်နေပြီးတော့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတွေကို ကုန်သေတ္တာတင် သင်္ဘောတွေ လစဉ်ပုံမှန်ဝင်ရောက် ဆိုက်ကပ်နေပါတယ်။ ရန်ကုန်ဆိပ်ကမ်းဧရိယာမှာ အပြည်ပြည်ဆိုင်ရာ ရေယာဉ်ကြီးတွေ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ကမ်းတံတား ၄၆ စင်းနဲ့ ဝန်ဆောင်မှုပေးနေပါတယ်”ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးစိန်လွင်ဇော်က ပြောပြသည်။

ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များလည်း တိုးမြှင့်တင်သွင်းနိုင်ရန် ကုန်သေတ္တာတင်သင်္ဘောလိုင်းအသီးသီးမှ ခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးလျက်ရှိပြီး ရန်ကုန်ဆိပ်ကမ်းများသို့ ၂၀၂၃ ခုနှစ် မေလမှစတင်ကာ နိုင်ငံတကာ ကုန်သေတ္တာနှင့် အထွေထွေကုန်စည်သင်္ဘောများ ပိုမိုဝင်ရောက်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ASH



# ဒုက္ခကိုဝယ်နေကြတဲ့ အရလွယ်မှုများ

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

"မိဘပစ္စည်းကို မိဘတွေမသိအောင် သားသမီးတွေကယူတာဟာ ခိုးတာမဟုတ်ဘူး။ ကိုယ်ပိုင်ပစ္စည်းကိုယ်ယူတာ၊ ဘာဖြစ်လဲ။ ဘယ်သူ့မှကြောက်စရာမလိုဘူး"

"ဘာ ကိုယ်ပိုင်ပစ္စည်း ဟုတ်ရဲ့လားကွာ။ မိဘတွေပဲ ပိုင်ဆိုင်ကြတာကွ"

"တော်တော်နားဝေးတဲ့ကောင်ပဲ။ မိဘပိုင်သမျှဟာ သားသမီးတွေရဲ့ အမွေဆိုင်တွေမို့ ကိုယ်ပိုင်ပစ္စည်းလို့ပြောနေတာကွ။ နားလည်ရဲ့လား။ ကိုယ်ပိုင်ပစ္စည်းမို့ မိဘတွေက သားသမီးတွေကို သူခိုးလို့ မကြေညာတာပေါ့ကွာ။ မိဘတွေက အိမ်ကတစ်ခုခု ပျောက်ဆုံးရင် သားသမီးတွေကို ဆူပူကြိမ်းမောင်းကြမယ်။ စိတ်ဆိုးဒေါသထွက်လွန်းရင် အိမ်ပေါ်က မောင်းချမယ်။ ဒါပေမဲ့ ခဏပါပဲကွာ။ ဒီမှာ ဖိုးချောမင်းမိဘတွေဆူပူကြိမ်းမောင်းနေကြတာကို ဂရုစိုက်မနေနဲ့။ အရေးကြီးတာကငွေပဲ။ ငွေမရှိရင် ဆေးလဲမရဘူး။ ဆေးမရရင် မင်းသေမယ်။ မင်း အသေခံမလား။ စဉ်းစား ဖိုးချော"

ဖိုးချောကို ဘဝတူအိမ်ပြေးဆေးသမား အပေါင်းအသင်းများက သွေးထိုးလှုံ့ဆော်ပေးနေကြလေရာ ဖိုးချော အစဉ်းစားရကျပ်သွားသည်။

တစ်ဦးတည်းသောသား ဖိုးချောကို မိဘများနှင့် အဘိုးအဘွားများက ဖူးဖူးမှုတ်ကာ အလိုလိုက်အကြိုက်ပေးထားကြသည်။ ဒီတော့ ဖိုးချောသည် နေရာတကာတွင် သူ့သဘောဖြစ်လာသည်။ မိဘများက အလိုလိုက်ကြလွန်းသဖြင့် ဖိုးချော စည်းကမ်းမဲ့လာသည်။ ကျောင်းစာထက် အပျော်အပါး၊ အစားအသောက်ကို ပိုမက်လာသည်။ အရွယ်ရောက်လာသော်လည်း ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားဖြစ်လာသည်။ ဆယ်တန်းစာမေးပွဲတွင် နှစ်နှစ်ဆက်တိုက်ကျသည်။ မိဘများက ငွေကြေးခနေ ပြည့်စုံကြွယ်ဝနေကြသဖြင့် အကောင်းဆုံးဝိုင်းကျူရှင်၊ ကြေးအကြီးဆုံးဂိုက်များနှင့် အနီးကပ်ကြီးကြပ်သင်ကြားပေးခဲ့သော်လည်း စာမေးပွဲက ဆက်ကျသည်။

ဖိုးချော စာမေးပွဲသုံးနှစ်ဆက်တိုက်ကျသောအခါ သူ့မိဘများက ကရုဏာဒေါသောဖြင့် ပြောဆိုဆူပူခဲ့ကြသည်။ တစ်ကြိမ်တစ်ခါမျှ ဆူပူခြင်းမခံရဖူးသော ဖိုးချောသည် စာမေးပွဲကလည်းကျ၊ ကျောင်းနေဖက်သူငယ်ချင်းများနှင့်လည်းကွဲ၊ စိတ်ဆင်းရဲနေရသည့်ကြားထဲ မိဘများက ဆူပူကြိမ်းမောင်းလာသောအခါ အိမ်တွင်မနေချင်တော့ဘဲ စိတ်လေလာသည်။ အပြင်သို့ မကြာခဏထွက်လည်ရင်း အပေါင်းအသင်းစုံလာသည်။ အကျင့်မျိုးစုံတတ်လာသည်။ ကွမ်းယာ၊ ဆေးလိပ်၊ ဘီယာ၊ အရက်အဆင့်မှ မူးယစ်ဆေးစွဲလာသည်။

မိဘများက ဖိုးချော မူးယစ်ဆေးစွဲစပြုနေသည်ကို သိလျှင်သိချင်း ဖိုးချောကို လူငယ်ပြုပြင်ရေးသင်တန်းကျောင်းသို့ပို့ကာ ဆေးဖြတ်စေပြီး စိတ်သစ်လူသစ်နှင့် လျှပ်စစ်ပညာကို သင်ယူစေခဲ့သည်။ လူငယ်သင်တန်းကျောင်းမှပြန်ရောက်လာသော ဖိုးချောသည် ခေတ္တခဏမျှသာ ငြိမ်သက်နေခဲ့သည်။ နှစ်လခန့်အကြာတွင် အပေါင်းအသင်းဟောင်းများနှင့် ပြန်လည်ဆက်သွယ်မိကာ အဆွယ်ကလဲကောင်းမွန်၊ နဂိုရှိရင်းစွဲသွေးကလဲတောင့်တမို့ ငယ်ပေါင်းမူးယစ်ဆေးဝါးနဲ့ ပြန်လည်နှစ်ပါးသွားနေခဲ့သည်။

မူးယစ်ဆေးဝါးမှီဝဲရန် ငွေလိုသောကြောင့် အိမ်ရှိအဖိုးတန်ပစ္စည်းတစ်ခုခု၊ လက်ဝတ်ရတနာ စသည်တို့ကိုခိုးယူခဲ့ရန် ဆေးချဖက်အပေါင်းအသင်းတွေက မူးယစ်ဆေးနှင့် အကျပ်ကိုင်ပြီး သွေးထိုးလှုံ့ဆော်ဖန်များလာသောအခါ ဖိုးချောသည် တန်ဖိုးရှိပစ္စည်းတစ်ခုစ၊ နှစ်ခုစကို ခိုးယူလာခဲ့သည်။ တဖြည်းဖြည်း ခိုးနေကျဖြစ်လာသောအခါ သူ့အမေ၏ လက်စွပ်နှင့် ဆွဲကြိုးကိုပါ ခိုးယူသည့်အဆင့်သို့ ရောက်လာသည်။

ဒီတစ်ကြိမ်တွင် မိဘများက သည်းမခံနိုင်တော့ဘဲ ဖိုးချောကို အိမ်ပေါ်မှမောင်းချလိုက်ကြသည်။ အိမ်ပေါ်မှဆင်းသွားသော ဖိုးချောက ရိုးရိုးအေးအေးလေး၊ လက်ဗလာချည်းသက်သက်ဖြင့် ဆင်းသွားခြင်းမဟုတ်။ သူတို့အဘိုးအဘွားများ အစဉ်အဆက်၊ ဆွေစဉ်မျိုးဆက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသော ရှေးဟောင်းစိန်ဘယက်ကြီးနှင့် စိန်ရွှေလက်ဝတ်ရတနာတစ်စုံကို ခိုးယူပြီး အိမ်ပေါ်မှ ခပ်တည်တည်ဖြင့် ဣန္ဒြေမပျက် ဆင်းသွားခဲ့သည်။

ဖိုးချော ထိုသို့ခိုးသွားသည်ကို ဖိုးချောအိမ်ပေါ်မှ ဆင်းသွားပြီး တစ်လကြာမှသူ့မိဘများကသိကြသည်။

စိန်ပွဲစားတစ်ဦးက ရှေးစိန်ဘယက်ကြီးတစ်ကုံးကို ပြည်ပတွင် သွားရောက်ရောင်းချရန် သူ့အသိစိန်ပွဲစား စီစဉ်နေကြောင်း၊ အရည်သွေးကောင်းလွန်းသောကြောင့် တန်ဖိုးအလွန်ကြီးကြောင်း စကားစပ်မိခဲ့ရာမှ အိမ်တွင်သိမ်းထားသော စိန်ဘယက်ကြီးကို သတိရပြီး ပြန်ကြည့်ခဲ့ရာ စိန်ဘယက်ကြီးကိုရှာမတွေ့တော့ပေ။

သည်တော့မှ စိန်ဘယက်ကြီးနှင့်အတူ စိန်ရွှေလက်ဝတ်ရတနာတစ်စုံကိုပါ ဖိုးချောခိုးယူသွားမှန်းသိလိုက်ကြသည်။ ထို့ကြောင့် ဖိုးချောမိဘများက ရဲစခန်းတွင် ချက်ချင်းပင်အမှုဖွင့်ခဲ့ကြကာ ရဲတပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် သားမိုက်ကို ပိုက်စိပ်တိုက်ရှာဖွေခဲ့ကြသည်။ ဖိုးချောနှင့်ကြံရာပါ ဆေးသမားများကို မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြသည်။ သူတို့အားလုံးကို မူးယစ်ဆေးဝါးသုံးစွဲမှု၊ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိမှုများနှင့် အမှုဖွင့်အရေးယူခဲ့ပြီး ဖိုးချောကိုတော့ ခိုးမှုဖြင့်ပါ ထပ်မံအမှုဖွင့်အရေးယူခဲ့သည်။

"မိဘပစ္စည်းကို မိဘတွေမသိအောင် သားသမီးတွေကယူတာဟာ ခိုးတာမဟုတ်ဘူး။ ကိုယ်ပိုင်ပစ္စည်းကိုယ်ယူတာ ဘာဖြစ်လဲ။ ဘယ်သူ့မှကြောက်စရာမလိုဘူး"ဟုမြှောက်ပေးခဲ့ကြသော သူငယ်ချင်းဆေးသမားများ အခုတော့ ခေါင်းမဖော်နိုင်ကြတော့ဘဲ ငိုင်နေမှိုင်နေယိုင်နေကြလေပြီ။ နောင်းနောင်တ ရနေကြလေပြီ။

သူတို့၏ဖွင့်ဟဝန်ခံချက်အရ ဖိုးချော ခိုးယူရောင်းချထားသော ရှေးစိန်ဘယက်ကြီးကို ပြည်ပသို့ ခိုးထုတ်မည့်ဆဲဆဲတွင် အချိန်မီ၊ ဖမ်းဆီးရမိခဲ့သည်။ လက်ပြောင်းလက်လွှဲရောင်းဝယ်ထားကြသော စိန်ရွှေလက်ဝတ်ရတနာတစ်စုံကိုပါ လိုက်လံသိမ်းဆည်းနိုင်ခဲ့သည်။ ဖိုးချောမိဘများက ဖိုးချောခိုးယူသွားသော ရတနာများအားလုံးကို ပြန်လည်ရရှိခဲ့သော်လည်း ဖူးဖူးမှုတ်ထားခဲ့ကြသော တစ်ဦးတည်းသောသား ဖိုးချောကိုတော့ လုံးဝပြန်မရတော့ပေ။ ဖိုးချောကို အမှုစစ်ဆေးနေစဉ်မှာပင် မူးယစ်ဆေးဝါးရောဂါထပြီး ထောင်ထဲမှာပင် ဖိုးချောသေဆုံးသွားခဲ့သည်။ သူ့အပေါင်းအသင်းများနှင့် ခိုးရာပါပစ္စည်းလက်ခံထုခွဲရောင်းချပေးသူအားလုံး ပြစ်မှုကြွေးကို ခွျေးဖြင့်ဆပ်ခဲ့ကြရပါသည်။

**❖ယနေ့ ကြုံတွေ့နေကြရသည်မှာ ခါးပိုက်နှိုက်များ၊ သူခိုးများ၊ ဖောက်ထွင်းလုယက်မှုများ ရှိနေကြရာ သူတို့ မတရားရယူခဲ့ကြသော ပစ္စည်းမျိုးစုံကို ကုန်ပစ္စည်းဖြန့်ဖြူးရောင်းဝယ်ရေးဒိုင်များသဖွယ် လက်ခံဖြန့်ဖြူးနေကြသူများ ရှိနေကြပါသည်။ အချို့ အတင့်ရဲကာ ပြောင်ကျကျပင် ဥပဒေမဲ့ ကျူးလွန်နေကြပါသည်။ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ထိုမဏ္ဍိုင်သုံးရပ် မယိမ်းယိုင်စေရေးအတွက် ပဉ္စမမဏ္ဍိုင်ဖြစ်သော ပြည်သူ့အသံကိုနာခံကာ ကျွန်တော်တို့ စာနယ်ဇင်းမီဒီယာလောကသားများ၏ စတုတ္ထမဏ္ဍိုင်က ကျားကန်ပေးသည့်အနေဖြင့် အပြုသဘော ဝေဖန်ထောက်ပြနေကြရပေမည်။ ❖**

ဤနေရာတွင် **"ခိုးရာပါပစ္စည်းလက်ခံထုခွဲရောင်းချပေးသူများ"** အတွက် ပြဋ္ဌာန်းထားသော ဥပဒေများကို တင်ပြလိုပါသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၁ တွင် "မည်သူမဆို ခိုးရာပါပစ္စည်းဖြစ်ကြောင်းသိလျက်နှင့် (သို့တည်းမဟုတ်) ထိုသို့ယုံကြည်ရန် အကြောင်းရှိလျက်နှင့် ထိုပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့်လက်ခံခြင်းသော်လည်းကောင်း၊ ဆက်လက်ထားရှိခြင်းသော်လည်းကောင်းပြုလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေချမှတ်ရမည်" ဟု ပြဋ္ဌာန်းထားပါသည်။ ခိုးရာပါပစ္စည်းများကို သိသိကြီးနှင့်အချောင်ရလိုစိတ်ဖြင့် လက်ခံထားကြသူများကို အရေးယူအပြစ်ပေးသည့်ဥပဒေဖြစ်ပါသည်။ လင်ကခိုးလာမှန်းမသိ၍ လက်ခံထားသောဇနီးနှင့် သားက ခိုးလာမှန်းမသိ၍ လက်ခံထားသောမိခင်တို့ ပုဒ်မ ၄၁၁ နှင့် မငြိပေ။ ခါးပိုက်နှိုက်စားသောက်နေသော ခါးပိုက်နှိုက်၏ဇနီးကတော့ ခါးပိုက်နှိုက်၍ရလာသောပစ္စည်းမှန်းသိပါလျက်နှင့် လက်ခံထားသောကြောင့် ထိုပုဒ်မနှင့်ငြိနေပါသည်။

ပုဒ်မ ၃၇၉ ခိုးမှု၊ ခါးပိုက်နှိုက်မှုများအတွက် သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားရာ ပုဒ်မ ၄၁၁ ပြဋ္ဌာန်းချက်နှင့်တူညီနေပါသည်။ ထို့ကြောင့် သူခိုးခါးပိုက်နှိုက်ထောင်ဒဏ်သုံးနှစ်ကျခံရလျှင် ခိုးရာပါနှိုက်ရာပါ ပစ္စည်းမှန်းသိသိကြီးနှင့် အချောင်ရလိုဇောလောဘဖြင့် လက်ခံထားသူလည်း တူညီသည့်ပြစ်ဒဏ်ကို ကျခံရမည်ဖြစ်ပါသည်။

ပုဒ်မ ၃၉၅ ဓားပြမှုကျူးလွန်သူများကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ အလုပ်ကြမ်းနှင့် ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသကဲ့သို့ ဓားပြတိုက်၍ ရရှိလာသောပစ္စည်းများကို တိုက်ရာပါပစ္စည်းမှန်းသိပါလျက် အချောင်ရလိုဇောလောဘဖြင့် လက်ခံထားလျှင် ပုဒ်မ ၄၁၂ အရ ဓားပြတိုက်မှုကျူးလွန်သူများ ကျခံကြရသည့် ပြစ်ဒဏ်နည်းတူ ကျခံရမည်ဖြစ်ပါသည်။

ပုဒ်မ ၄၁၁ နှင့် ပုဒ်မ ၄၁၂ က ခိုးရာပါ ဓားပြတိုက်ရာပါပစ္စည်းမှန်းသိပါလျက်နှင့် အချောင်ရလိုဇောလောဘဖြင့် လက်ခံထားကြသူများ (တစ်နည်းအားဖြင့်) သူခိုးအားပေး၊ ဓားပြအားပေးများကို အဆိုပါဒုစရိုက်သမားများ ကျခံရကြသည့် ပြစ်ဒဏ်များနှင့် တူညီစွာ ကျခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

ပိုမို၍ ပြင်းထန်ထိရောက်သော ဥပဒေပုဒ်မက ၄၁၃ ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၃ တွင် "ခိုးရာပါပစ္စည်းကို အမြဲတစေလက်ခံနေပြီး ရောင်းဝယ်ဆက်ဆံနေသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်"ဟု ပြဋ္ဌာန်းထားရာ အမှန်တကယ်သာ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူအပြစ်ပေးကြပါက ခိုးမှု၊ ခါးပိုက်နှိုက်မှု၊ ဖောက်ထွင်းမှုနှင့် လုယက်မှုများ လျော့နည်းသွားနိုင်ပါသည်။

စာရေးသူ မှုခင်းဂျာနယ်တွင် တာဝန်ယူခဲ့စဉ်က ဆိုင်ကယ်ခိုးမှုများနှင့် ဆိုင်ကယ်လုယက်မှုများကို မကြာခဏ ဖော်ပြပေးခဲ့ရပါသည်။ ထိုသို့ဖော်ပြခဲ့ရာတွင် ဆိုင်ကယ်သူခိုး တောက်ပြားဆိုပါစို့။ သူ ခိုးပြီးရောင်းချထားသောဆိုင်ကယ်များကို ဝယ်ယူထားကြသည့် သူ့ဖောက်သည်များ၏ အမည်စာရင်းကို ဖော်ထုတ်ကာ ရောင်းချထားသောခိုးရာပါဆိုင်ကယ်များကို ရဲတပ်ဖွဲ့ဝင်များက သက်သေများရှေ့တွင် လိုက်လံသိမ်းဆည်းခဲ့ကြရပါသည်။

ထိုသို့ သိမ်းဆည်းခဲ့ကြရာတွင် ဖောက်သည် မောင်ကထံမှ ငါးစီး၊ မောင်ခထံမှ ခုနစ်စီး၊ မောင်အေထံမှရှစ်စီး၊ မောင်ဘီထံမှ ဆယ်စီး စသည်ဖြင့် သိမ်းဆည်းခဲ့ကြရပါသည်။ ဆိုင်ကယ်တစ်စီးချင်း၏ မူလတန်ဖိုးထက် တစ်ဝက်လျှော့ဈေး (သူခိုးဈေး)ဖြင့် လာရောက်ရောင်းချသူတစ်ဦးတည်းထံမှ ဝယ်ယူနေကြသူဖောက်သည်များသည် လာရောက်ရောင်းချသူကို အကဲခတ်နိုင်ကြပါသည်။ ဆိုင်ကယ်တစ်စီးချင်းစီကို ကာလပေါက်ဈေးထက် ဈေးလျှော့ပြီး မကြာခဏ လာရောက်ရောင်းချနေကတည်းက လူရိုးလူကောင်းမဟုတ်ဘဲ ဒုစရိုက်မှုတစ်မှုမှုကို ကျူးလွန်နေသူဖြစ်ကြောင်း ထမင်းစားနေကြသူတိုင်း နားလည်သဘောပေါက်နိုင်ကြပါသည်။

ထို့ကြောင့် ထိုဖောက်သည်များသည် ခိုးရာပါပစ္စည်းများကို အမြဲတစေလက်ခံနေပြီး ငွေပေးငွေယူလုပ်ကာ ရောင်းဝယ်ဆက်ဆံနေသူများဖြစ်ကြောင်း၊ ခိုင်လုံသောသက်သေအထောက်အထားများရှိနေပါလျက် ဝယ်ယူထားကြသော ဆိုင်ကယ်များကိုသာ ရဲများက ပြန်လည်သိမ်းဆည်းသွားသည့်အဆင့် သတင်းများကို ဖော်ပြပေးနေခဲ့ရပါသည်။ ကျွန်တော် မှုခင်းဒယ်ဒီတာလုပ်သက် နှစ်ပေါင်း ၂၃ နှစ်အတွင်း ထိုသူခိုးအားပေးသူများ၊ သူခိုးနှင့်ကြံရာပါများကို ပုဒ်မ ၄၁၃ ဖြင့် အမှုဖွင့်အရေးယူအပြစ်ပေးခဲ့ကြသည့် မှုခင်းသတင်းမျိုးကို တစ်ခါဖူးမျှဖော်ပြနိုင်ခြင်း မရှိခဲ့သည်မှာ အံ့ဖွယ်သုတဖြစ်နေပါသည်။

ယနေ့ကြုံတွေ့နေကြရသည်မှာ ခါးပိုက်နှိုက်များ၊ သူခိုးများ၊ ဖောက်ထွင်းလုယက်မှုများ ရှိနေကြရာ သူတို့မတရားရယူခဲ့ကြသောပစ္စည်းမျိုးစုံကို ကုန်ပစ္စည်းဖြန့်ဖြူးရောင်းဝယ်ရေးဒိုင်များသဖွယ် လက်ခံဖြန့်ဖြူးနေကြသူများ ရှိနေကြပါသည်။ အချို့ အတင့်ရဲကာ ပြောင်ကျကျပင် ဥပဒေမဲ့ ကျူးလွန်နေကြပါသည်။

ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ထိုမဏ္ဍိုင်သုံးရပ်

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၉၃၂ ဧက စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ အောက်တိုဘာ ၃၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နှမ်း ၁၃၉၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၁၂၀၄၂ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နှမ်း ၁၃၉၃၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ဆီထွက်သီးနှံဖြစ်တဲ့ နှမ်း ၁၂၀၄၂ ဧက လျာထားစိုက်ပျိုးခဲ့ရာမှာ ဒီနေ့ထိ ၁၃၉၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်စေဖို့အတွက် စိုက်ပျိုးနည်းတွေ၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျသုံးစွဲကြဖို့နဲ့ ပိုးမွှားရောဂါမကျရောက်အောင် ကြိုတင်ကာကွယ်နှိမ်နင်းရေး နည်းပညာတွေကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများ ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးရာတွင် လျာထားဧကပြည့်မီစေရေး၊ အရည်အသွေးကောင်းသောသီးနှံအထွက်နှုန်းများ ရရှိရေး၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံတောင်သူများ အဓိကစိုက်ပျိုးသည့် နှမ်းမျိုးမှာ နှမ်းဖြူ၊ စမုံနက်နှင့် သိပ္ပံနှမ်းနက်တို့ဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဆီထွက်သီးနှံဖြစ်သည့်နှမ်းကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက နှမ်း ၁၃၃၉၅ ဧကလျာထားစိုက်ပျိုးခဲ့ရာ ဧက ၂၄၇၂၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခု ဆောင်းသီးနှံစိုက်ပျိုးတွင် နှမ်း ၁၂၀၄၂ ဧက လျာထားစိုက်ပျိုးခဲ့ရာ ယနေ့ထိ နှမ်း ၁၃၉၃၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

➢ **စာမျက်နှာ ၄ မှအဆက်**

မယိမ်းယိုင်စေရေးအတွက် ပဥ္စမမဏ္ဍိုင်ဖြစ်သော ပြည်သူ့အသံကို နာခံကာ ကျွန်တော်တို့ စာနယ်ဇင်းမီဒီယာလောကသားများ၏ စတုတ္ထမဏ္ဍိုင်က ကျားကန်ပေးသည့်အနေဖြင့် အပြုသဘော ဝေဖန်ထောက်ပြနေကြရပေမည်။

ပျားရည်တစ်စက်ကြောင့် ပြည်ပျက်တတ်သလို အမှိုက်ကစ ပြာသာဒ်မီးလောင်တတ်ပါသည်။ စိမ့်ထွက်သည့်ရေပေါက်လေးတစ်ပေါက်ကို အချိန်မီ မပိတ်ဆို့မိသည့်အတွက် ဆည်ကြီးကျိုးပေါက်ကာ ရေအောက်သို့ ရောက်ရှိနစ်မြုပ်ခံခဲ့ကြရပါသည်။ ဤသည်ကို အလေးအနက်စဉ်းစားသတိထားကြရပါမည်။ အသေးအမွှားလေးများ များပြားလာပါက ကြီးမားသော ပြဿနာများ၊ ဝိရောဓိများ၊ ပဋိပက္ခများဖြစ်ပေါ်လာနိုင်ပါသည်။ မြန်မာ့နိုင်ငံရေးဇာတ်ခုံမှာရော၊ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာပါ ထင်ရှားသည့် သာဓကပေါင်းများစွာရှိပါသည်။

ထင်သာမြင်သာသော ဆိုင်ကယ်ခိုးမှုလေးများမှ သူခိုးအားပေးများကို ပုဒ်မ ၄၁၃ ဖြင့် အရေးမယူကြသည့်အပြင် ခိုးရာပါပစ္စည်းများကို ဝှက်သိမ်းပေးကြသူများ၊ ဖျောက်ဖျက်ပေးကြသူများကို ထောင်ဒဏ်သုံးနှစ်ချမှတ်သည့် ပုဒ်မ ၄၁၄ ကိုလည်း ကျင့်သုံးမှုမရှိကြသည်ကို ကြုံတွေ့နေရပါသည်။ ကျင့်သုံးကြသည်ဆိုပါကလည်း ကျင့်ထုံးများနှင့် မှတ်တမ်းတင်ထားသင့်ကြပါသည်။

အချုပ်ဆိုရလျှင် မိဘပစ္စည်း သားသမီးများက ခိုးယူကြလျှင် တည်ဆဲဥပဒေများအရ အရေးယူခံကြရမည်ဖြစ်ကြောင်း ဖိုးချောလိုသားဆိုး၊ သမီးဆိုးများက မိဘများထံမှခိုးယူလာကြသော ပစ္စည်းများ၊ လက်ဝတ်ရတနာများနှင့် ခိုးဆိုးနှိုက် ဒုစရိုက်သမားများ၏ ခိုးရာပါ၊ နှိုက်ရာပါ၊ တိုက်ရာပါ ပစ္စည်းများကို အချောင်ရလိုဇောလောဘဖြင့် အရချောင်အရလွယ်၍ ဝယ်ယူမိကြပါက ဒုက္ခကိုငွေပေးဝယ်မိကြသလိုသောကကြွယ်သည့် မီးပင်လယ်ထဲတွင် ပုဒ်မ ၄၁၁၊ ၄၁၂၊ ၄၁၃၊ ၄၁၄ တို့၏ ပြစ်ဒဏ်များကို ကျခံနိုင်ဖွယ်ရှိကြောင်း မျှဝေအသိပေးလိုက်ရပါသည်။

## ကထိန်တော်ပွဲ ဆင်ယင်နွှဲ

\- တန်ဆောင် မွန်မြတ်လှ
လှူဒါန်းကြ စီဝရံ၊
ရပါစေ အကျိုးငါးပါး
ကြိုးစားလှူမှန်၊
သာသနာ့ အမွေခံ
ခင်းကျင်းရန် ကျောင်းတော်သို့၊
ဘုံကထိန် အလှူပွဲကို
ဆင်နွှဲကြစို့။

\- ချွေးနဲ့စာ ဒါနပြု
မြတ်သာခု ခေါ်ဆိုပါ၊
မြတ်သံဃာ စိတ်ရည်မှန်း
လှူဒါန်းစို့ဗျာ၊
တစ်နှစ်မှ တစ်ကြိမ်သာ
တစ်ကျောင်းမှာ ကျင်းပကြ၊
ပုရိမ ဝါသဘင်
ဆင်ယင်သည် သံဃာအပေါင်းရယ်
ကိန်းအောင်းလို့ထ။

\- နည်းများမဆို ပါဝင်လျက်
ကုသိုလ်ဖက် ပြုကြလေ၊
မွန်မြတ်သည် ကထိန်သင်္ကန်း
လှူဒါန်းအပ်ပေ၊
တန်ဆောင်မုန်း ထူးမြတ်နေ
တို့မြန်မာတွေ ကထိန်ခင်း၊
အမျှဝေ ရေစက်ချလို့
အေးမြသည် စိတ်နှလုံးက
ရွှင်ပြုံးသန့်ရှင်း။ ။

**မောင်မျိုးချစ်(အညာမြေ)**

# နိုင်ငံတကာ သတင်းများ

## ဟိမဝန္တာနယ်စပ်တစ်လျှောက်ရှိတပ်များရုပ်သိမ်းမှု တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ အပြီးသတ်

**ဒေလီ အောက်တိုဘာ ၃၁**

ပိုင်ဆိုင်ခွင့် အငြင်းပွားဟိမဝန္တာနယ်စပ်တစ်လျှောက် ရင်ဆိုင်တပ်စွဲထားသည့် နှစ်ဖက်တပ်များ ပြန်လည်ရုပ်သိမ်းမှုကို တရုတ်နှင့် အိန္ဒိယနိုင်ငံတို့က အပြီးသတ်လုပ်ဆောင်ခဲ့ကြကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် ဟိမဝန္တာနယ်စပ်တစ်လျှောက် ရင်ဆိုင်တပ်စွဲထားသည့် တပ်များကို ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက စတင်ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် တရုတ်နှင့် အိန္ဒိယတို့အနေဖြင့် နှစ်ဖက်တပ်များ ပြန်လည်ရုပ်သိမ်းမှုကို အပြီးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနထိပ်တန်းတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

သို့ရာတွင် ပိုင်ဆိုင်ခွင့်အငြင်းပွား ဟိမဝန္တာနယ်စပ်တစ်လျှောက် ရင်ဆိုင်တပ်စွဲထားသည့် တပ်များ ပြန်လည်ရုပ်သိမ်းပြီးစီးမှုသတင်းကို တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက တစ်စုံတစ်ရာ တုံ့ပြန်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

တရုတ်နှင့် အိန္ဒိယတို့သည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဟိမဝန္တာနယ်စပ် ကင်းလှည့်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ် ရယူနိုင်ခဲ့ရာ နယ်စပ်တစ်လျှောက်၌ လေးနှစ်ကြာ စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်မှုကို အဆုံးသတ်ရေးအတွက် လမ်းပွင့်ခဲ့သည်။

၂၀၂၀ ပြည့်နှစ်အတွင်း ပိုင်ဆိုင်ခွင့် အငြင်းပွားနယ်မြေတစ်ခု၌ တရုတ်နှင့် အိန္ဒိယနယ်ခြားစောင့်တပ်များ ရန်ပွဲဖြစ်ပွားခဲ့ပြီးနောက် တရုတ်နှင့် အိန္ဒိယတို့သည် ဟိမဝန္တာ နယ်စပ်တစ်လျှောက် အင်အားအလုံးအရင်းဖြင့် ရင်ဆိုင်တပ်စွဲခဲ့ကြကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း သုံးရာခိုင်နှုန်းထိ မြင့်တက်လာနိုင်



**ဗန်ကောက် အောက်တိုဘာ ၃၁**

ထိုင်းနိုင်ငံ၏ ၂၀၂၅ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ သုံးရာခိုင်နှုန်းထိရှိလာနိုင်ကြောင်း ထိုင်းအစိုးရဘဏ္ဍာရေးဝန်ကြီးဌာနက ယနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ခန့်မှန်းထားသည်။

ပုဂ္ဂလိကစားသုံးမှုနှုန်း၊ ပို့ကုန်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့်ခရီးသွားလုပ်ငန်းများ အားကောင်းလာနိုင်မှုကြောင့် ထိုင်းနိုင်ငံ၏ ၂၀၂၅ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်း အားကောင်း လာနိုင်ခြင်းဖြစ်ကြောင်း ထိုင်းဘဏ္ဍာရေးဝန်ကြီးဌာနအစီရင်ခံစာ၌ သုံးသပ်ထားသည်။

အရှေ့တောင်အာရှ၏ ဒုတိယမြောက် စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၏ ယခုနှစ် စီးပွားရေးဖွံ့ဖြိုးနှုန်းမှာ ၂ ဒသမ ၇ ရာခိုင်နှုန်းထိ ရှိခဲ့ကြောင်း သိရသည်။

ထိုင်းဗဟိုဘဏ်က ဘဏ်တိုးနှုန်းများကို မမျှော်လင့်ဘဲ လျှော့ချခဲ့ပြီးနောက် ထိုင်းဘဏ္ဍာရေးဝန်ကြီးဌာန၏ ထိုင်းစီးပွားရေးဖွံ့ဖြိုးမှုနှုန်းအလားအလာအစီရင်ခံစာပေါ်ထွက်လာခြင်းဖြစ်သည်။

ယခုနှစ် တတိယသုံးလပတ်တွင် ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ သုံးရာခိုင်နှုန်းအောက်တွင်သာရှိခဲ့သော်လည်း စတုတ္ထသုံးလပတ်တွင် လေးရာခိုင်နှုန်းအထက်ရောက်ရှိလာနိုင်ကြောင်း ထိုင်းဘဏ္ဍာရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။

ယခုနှစ်အတွင်း ထိုင်းဘတ်ငွေတန်ဖိုးမှာ အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ပါက ငွေတန်ဖိုးပို၍ မြင့်တက်ခဲ့ပြီး ခရီးသွားလုပ်ငန်းများလည်း ပြန်လည်အားကောင်းလာခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ၂၀၂၅ ခုနှစ်တွင် စီအက်စ်တီအိုအဖွဲ့ဝင်နိုင်ငံများ ပူးတွဲစစ်ရေးလေ့ကျင့်မည်



**မင့်ခ် အောက်တိုဘာ ၃၁**

စုပေါင်းလုံခြုံရေး စာချုပ်အဖွဲ့ (စီအက်စ်တီအို)အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် ဘီလာရုစ်နိုင်ငံ၌ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်ရန် စီစဉ်ထားကြောင်း အောက်တိုဘာ ၃၀ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

စီအက်စ်တီအို နိုင်ငံများ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုအစီအစဉ်ကို ဘီလာရုစ်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်အတည်ပြုခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံ ဦးဆောင်သော စီအက်စ်တီအိုအဖွဲ့သည်ဆိုဗီယက်ပြည်ထောင်စု၌ ပါဝင်ခဲ့ဖူးသည့် နိုင်ငံများဖြင့် ဖွဲ့စည်းထားသော ဒေသတွင်း လုံခြုံရေးအုပ်စုဖြစ်သည်။

၂၀၀၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော စီအက်စ်တီအိုအဖွဲ့တွင် ရုရှား၊ အာမေနီးယား၊ ဘီလာရုစ်၊ ကာဇက်စတန်၊ ကာဂျစ်စတန်နှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့က အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်ကြောင်း သိရသည်။

သို့ရာတွင် လက်ရှိအချိန်၌ အဇာဘိုင်ဂျန်နိုင်ငံနှင့် ဆက်ဆံရေးမကျေမလည်ဖြစ်နေသည့် အာမေနီးယားနိုင်ငံသည် စီအက်စ်တီအိုအဖွဲ့၏ လှုပ်ရှားမှုများတွင် ပါဝင်မှုရပ်တန့်ထားသည်။

ယူကရိန်းစစ်ပွဲကို အကြောင်းပြု၍ ရုရှားနှင့် အနောက်အုပ်စုနိုင်ငံများကြား ဆက်ဆံရေးတင်းမာနေချိန်တွင် စီအက်စ်တီအိုအဖွဲ့ ပူးတွဲစစ်ရေးလေ့ကျင့်မှုအစီအစဉ်ကို ဘီလာရုစ်နိုင်ငံက ကြေညာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## တာဝေးပစ်ဒုံးကျည်စမ်းသပ်မှု မြောက်ကိုရီးယားနိုင်ငံပြုလုပ်

**ဆိုးလ် အောက်တိုဘာ ၃၁**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင်အရှေ့ဘက်ကမ်းရိုးတန်းဒေသကမ်းလွန်ရေပြင်အတွင်းသို့ တာဝေးပစ်ဒုံးကျည်တစ်စင်းစမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် အဆိုပါ တာဝေးပစ်ဒုံးကျည်ကို ပြုံယမ်းမြို့အနီး နေရာတစ်ခုမှ တစ်ဆင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်အဖွဲ့ရုံးက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယား နိုင်ငံ၏ အဆိုပါတာဝေးပစ်ဒုံးကျည်သည် ဂျပန်နိုင်ငံမြောက်ပိုင်း အိုကူရှိရိ ကျွန်း အနောက်ဘက်မိုင်ပေါင်း ၁၉၀ ခန့်အကွာ ရေပြင်အတွင်း ကျရောက်ခဲ့ကြောင်း ဂျပန် ကာကွယ်ရေး ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် အဆိုပါ တာဝေးပစ်ဒုံးကျည်ကို အမြင့်သို့ သိသိသာသာထောင်၍ စမ်းသပ် ပစ်လွှတ်ခဲ့ခြင်းဖြစ်ဖွယ်ရှိကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

တိုက်ချင်းပစ် ဒုံးကျည် စမ်းသပ် ပစ်လွှတ်မှုအတွက် မြောက်ကိုရီးယားက ပြင်ဆင်နေကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများကပြောကြားခဲ့ပြီး တစ်ရက်အကြာတွင် တာဝေးပစ်ဒုံးကျည်စမ်းသပ်မှုကို မြောက်ကိုရီးယားက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း နောက်ဆုံးတစ်ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ကျူးဘားကုန်သွယ်ရေးပိတ်ဆို့မှုအဆုံးသတ်ရန် ကုလသမဂ္ဂအထွေထွေညီလာခံ အမေရိကန်နိုင်ငံကိုတိုက်တွန်း

**နယူးယောက် အောက်တိုဘာ ၃၁**

ကျူးဘားနိုင်ငံအပေါ် နှစ်ပေါင်းများစွာ ချမှတ်ကျင့်သုံးခဲ့သည့် ကုန်သွယ်ရေး ပိတ်ဆို့မှုများကို အဆုံးသတ်ပေးရန် ကုလသမဂ္ဂအထွေထွေညီလာခံအဖွဲ့ဝင်နိုင်ငံများက ယနေ့တွင် အမေရိကန်နိုင်ငံကို တစ်ခဲနက်တိုက်တွန်းခဲ့ကြောင်း သိရသည်။

ကာရစ်ဘီယံဒေသ နိုင်ငံတစ်နိုင်ငံဖြစ်သည့် ကျူးဘားနိုင်ငံအနေဖြင့် နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံး စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန်တွင် ကျူးဘားနိုင်ငံအပေါ်ချမှတ်ထားသည့်ကုန်သွယ်ရေးပိတ်ဆို့မှုများ အဆုံးသတ်ရန် ကုလသမဂ္ဂအထွေထွေညီလာခံက အမေရိကန်နိုင်ငံကို တိုက်တွန်းခဲ့ခြင်းဖြစ်သည်။



ကျူးဘားနိုင်ငံအပေါ်ချမှတ်ထားသည့် ကုန်သွယ်ရေးပိတ်ဆို့မှုများ အဆုံးသတ်ရေးဆုံးဖြတ်ချက်ကို ကုလသမဂ္ဂအထွေထွေညီလာခံ၌ အောက်တိုဘာ ၃၀ ရက်တွင် မဲခွဲခဲ့ရာ နိုင်ငံပေါင်း ၁၈၇နိုင်ငံတို့က ထောက်ခံမဲပေးခဲ့ပြီး အမေရိကန်နိုင်ငံနှင့် အစ္စရေးတို့ကသာ ကန့်ကွက်မဲများပေးခဲ့ကြသည်။

ကျူးဘားနိုင်ငံအပေါ် ကုန်သွယ်ရေးပိတ်ဆို့မှုသည် လူမျိုးဖြုတ်မှုအဖြစ် သတ်မှတ်နိုင်သော စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေး စစ်ပွဲ ဆင်နွှဲရာရောက်ကြောင်း ကျူးဘား နိုင်ငံခြားရေးဝန်ကြီး ဘရူနိုရိုဒရီဂတ်ဇ်က ကုလသမဂ္ဂ အထွေထွေညီလာခံ မိန့်ခွန်း၌ ဝေဖန်ခဲ့သည်။

အမေရိကန်နိုင်ငံသည် ကွန်မြူနစ်အစိုးရဦးဆောင်သည့် ကျူးဘားနိုင်ငံကို ၁၉၅၉ ခုနှစ် ကျူးဘားတော်လှန်ရေး ပြီးဆုံးချိန်မှစ၍ ကျူးဘားနိုင်ငံအပေါ်ကုန်သွယ်ရေးပိတ်ဆို့မှုများ စတင်ပြုလုပ်ခဲ့သည်။

ကုလသမဂ္ဂအထွေထွေညီလာခံသည် ကျူးဘားအပေါ်ကုန်သွယ်ရေးပိတ်ဆို့မှုအဆုံးသတ်ရန် ယခုနှစ်တွင် ၃၂ နှစ်မြောက်အဖြစ် ဆက်တိုက် တိုက်တွန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုသစ် ၂၃ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၃၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် အောက်တိုဘာ ၃၀ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၃ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ် ၂၃ စင်းသယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ပိုင်းအဆင့် ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ယခုနှစ်အတွင်း ဖယ်လ်ကွန်-၉ ဒုံးပျံ မစ်ရှင် ၁၀၀ ကျော် လွှတ်တင်ခဲ့ရာ သုံးပုံနှစ်ပုံခန့်မှာ စတားလင့်ခ် ဂြိုဟ်တု လွှတ်တင်ရေးမစ်ရှင်များ ဖြစ်ကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် Space-X ကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တု ၇၀၀၀ ကျော် လွှတ်တင်ထားပြီး ၆၄၀၀ ကျော်တို့မှာ လုပ်ငန်းလည်ပတ်နေကြဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ကလေးများတွင် ကိုယ်အလေးချိန် လွန်ကဲလျှင် သို့မဟုတ် နည်းပါးလျှင် အဆုတ်ကျန်းမာရေးပြဿနာဖြင့် ရင်ဆိုင်ရနိုင်

**စတော့ဟုမ်း အောက်တိုဘာ ၃၁**

ကလေးများတွင်ကိုယ်အလေးချိန် ပုံမှန်ထက်လွန်ကဲခဲ့လျှင် သို့မဟုတ် ပုံမှန်ထက်နည်းပါးနေခဲ့လျှင် အဆုတ်ကျန်းမာရေးပြဿနာများဖြင့် ရင်ဆိုင်ရနိုင်ကြောင်း သုတေသန ပညာရှင်များက အောက်တိုဘာ ၃၀ ရက်တွင် ပြောကြားသည်။

ဆွီဒင်နိုင်ငံ ကာရိုလင်စကာအင်စတီကျုမှ သုတေသနပညာရှင်များသည် ကလေး ၃၂၀၀ တို့၏ မွေးစမှ အသက် ၂၄ နှစ်ပြည့်သည်ထိ ကျန်းမာရေးအချက်အလက်များကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကလေးများအနေဖြင့် ကိုယ်အလေးချိန် ပုံမှန်ထက် လွန်ကဲနေလျှင်ပင်ဖြစ်စေ၊ ပုံမှန်ထက်ကျဆင်းနေလျှင်ပင်ဖြစ်စေ အဆုတ်အင်္ဂါလုပ်ငန်းလည်ပတ်မှုများ ထိခိုက်ပျက်စီးနိုင်ခြေမြင့်မားလာမှုဖြင့် ရင်ဆိုင်ရတတ်သည်ကို တွေ့ရကြောင်း ဆွီဒင် သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကလေးများတွင် အသက် နှစ်နှစ်မှစ၍ ကိုယ်အလေးချိန် ပုံမှန်ထက် လွန်ကဲမှု သို့မဟုတ် ပုံမှန်ထက် နည်းပါးမှု ပြဿနာများပေါ်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် ကလေးများအနေဖြင့် အရွယ်ရောက်လာချိန်တွင် ကိုယ်အလေးချိန်ကို ပုံမှန်အတိုင်း ပြန်ထိန်းထားနိုင်ခဲ့ပါက အဆုတ်လုပ်ငန်းလည်ပတ်မှုပျက်စီးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဆွီဒင် သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ရှန်ကျိုး-၁၉ အာကာသလူသယ်ယာဉ် တီယန်ကောင်းအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့


**ပေကျင်း အောက်တိုဘာ ၃၁**

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ရှန်ကျိုး-၁၉ အာကာသလူသယ်ယာဉ်သည် အောက်တိုဘာ ၃၀ ရက်တွင် တီယန်ကောင်း အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

တရုတ် အမျိုးသားအာကာသအေဂျင်စီသည် အာကာသယာဉ်မှူး သုံးဦး လိုက်ပါသွားသည့် ရှန်ကျိုး-၁၉ အာကာသ လူသယ်ယာဉ်ကို အောက်တိုဘာ ၃၀ ရက်တွင် လောင်းမတ်ချ်-၂ အက်ဖ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ရှန်ကျိုး-၁၉ အာကာသ လူသယ်ယာဉ်သည် လွှတ်တင်ပြီး ခြောက်နာရီကျော် အကြာတွင် တီယန်ကောင်း အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

ယာဉ်ချင်းချိတ်ဆက်မှုပြီးဆုံးခဲ့ပြီး နာရီ အနည်းငယ်အကြာမှာပင် ရှန်ကျိုး-၁၉ အာကာသယာဉ်မှူး သုံးဦးတို့မှာ တီယန်ကောင်း အာကာသစခန်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။



ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများ ရောက်ရှိလာပြီးနောက် တီယန်ကောင်း အာကာသစခန်း၌ လက်ရှိ တာဝန်ထမ်းဆောင်နေသည့် ရှန်ကျိုး-၁၈ အာကာသယာဉ်မှူး သုံးဦးတို့မှာ နိုဝင်ဘာ ၄ ရက်တွင် ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်ရန် စီစဉ်ထားသည်။

တရုတ်နိုင်ငံသည် နိုဝင်ဘာလတွင် တီယန်ကောင်းအာကာသစခန်းသို့ တီယန်ကျိုး-၈ အာကာသကုန်တင်ယာဉ်ကို လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## သီတင်းပတ်ကုန်များတွင် လေ့ကျင့်ခန်းပြုလုပ်မှုက ဦးနှောက်ကျန်းမာရေးကိုထိန်းရာတွင် ထိရောက်မှုရှိ

**ဘိုဂိုတာ အောက်တိုဘာ ၃၁**

သီတင်းပတ်ကုန် အားလပ်ရက်များတွင်သာ လေ့ကျင့်ခန်း ပြုလုပ်မှုသည် ဦးနှောက်ကျန်းမာရေးကို ထိန်းပေးရာတွင် နေ့စဉ်လေ့ကျင့်ခန်းပုံမှန်လုပ်သကဲ့သို့ပင် ထိရောက်မှုရှိကြောင်း အောက်တိုဘာ ၃၀ ရက် သတင်းများအရ သိရသည်။

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သီတင်းပတ်ကုန် အားလပ်ရက် လေ့ကျင့်ခန်းပြုလုပ်မှုသည် နေ့စဉ်ပုံမှန်လေ့ကျင့်ခန်း ပြုလုပ်သကဲ့သို့ပင် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ထိခိုက်ပျက်စီးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ထိခိုက်ပျက်စီးပါက ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်လာနိုင်ကြောင်း ဆေးပညာရှင်များက ပြောကြားထားသည်။

ကိုလံဘီယာသုတေသနပညာရှင်များသည် လူပေါင်း ၁၀၀၃၃ ဦး ပါဝင်သော လေ့လာချက်တစ်ရပ်မှ ပေါ်ထွက်လာသည့် အချက်အလက်များကို လေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သီတင်းပတ်ကုန် အားလပ်ရက်များတွင်သာ လေ့ကျင့်ခန်း ပြုလုပ်သူများသည် လုံးဝမပြုလုပ်သူများနှင့် နှိုင်းယှဉ်ပါက တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ထိခိုက်ပျက်စီးနိုင်ခြေ ၂၀ ရာခိုင်နှုန်းပို၍ နည်းပါးသည်ကို တွေ့ရကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## အားတီးမစ်-၃ မစ်ရှင် လဆင်းယာဉ် ဆင်းသက်နိုင်ဖွယ်ရှိသော နေရာများစာရင်းကို နာဆာက ပြန်လည်ပြင်ဆင်သတ်မှတ်

**ဝါရှင်တန် အောက်တိုဘာ ၃၁**

အားတီးမစ်-၃ မစ်ရှင် လဆင်းယာဉ် ဆင်းသက်နိုင်ဖွယ်ရှိသော နေရာများစာရင်းကို အမေရိကန် အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ပြန်လည်ပြင်ဆင် သတ်မှတ်ထားကြောင်း အောက်တိုဘာ ၃၀ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့က ထုတ်ပြန်ထားသော အားတီးမစ်-၃ မစ်ရှင် လဆင်းယာဉ် ဆင်းသက်နိုင်မည့် နေရာများစာရင်းတွင် နေရာပေါင်း ကိုးခုထိ ပါဝင်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၃ မစ်ရှင်အရ ၂၀၂၆ ခုနှစ်တွင် လကမ္ဘာတောင်ဝင်ရိုးစွန်းဒေသသို့ လူသားများစေလွှတ်ရန် စီစဉ်ထားကြောင်း သိရသည်။

အားတီးမစ်-၃ မစ်ရှင် လွှတ်တင်မည့်နေ့ရက်ကို သတ်မှတ်ပြီးချိန်တွင် အထက်ပါနေရာကိုးနေရာထဲမှ အသင့်လျော်ဆုံးနေရာကို ထပ်မံရွေးထုတ်မည်ဖြစ်ကြောင်း နာဆာ တာဝန်ရှိသူများက ပြောကြားသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၃ မစ်ရှင်ကာလအတွင်း နေရောင်မည်သည့်အခါတွင်မျှ ကျရောက်ခြင်းမရှိသည့် လကမ္ဘာတောင်ဝင်ရိုးစွန်းနေရာများအနီးသို့ လူသားများကို ပို့ဆောင်ရန်စီစဉ်ထားသည်။


အားတီးမစ်-၃ မစ်ရှင်တွင် Space-X ကုမ္ပဏီ၏ HIS လဆင်းယာဉ်က အာကာသယာဉ်မှူးနှစ်ဦးကို ခေါ်ဆောင်၍ လပေါ်သို့ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# ကွာရာဘောင်းဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ကြောင်း အက်ဖ်အေထုတ်ပြန်







**လန်ဒန် အောက်တိုဘာ ၃၁**

ကွာရာဘောင်းဖလား စတုတ္ထအဆင့်ပွဲစဉ်များအပြီးတွင် ကွာတားဖိုင်နယ်အဆင့် မဲခွဲမှုပြုလုပ်ခဲ့ရာ မန်စီးတီးအသင်းကို အနိုင်ရခဲ့သည့် စပါးအသင်းက မန်ယူအသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ပြီး အဆိုပါပွဲစဉ်များကို လာမည့် ဒီဇင်ဘာလလယ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း အက်ဖ်အေက ထုတ်ပြန်ခဲ့သည်။

စတုတ္ထအဆင့် ပွဲစဉ်များတွင် စပါးအသင်းက ပရီးမီးယားလိဂ် ချန်ပီယံ မန်စီးတီးအသင်းကို နှစ်ဂိုး တစ်ဂိုး၊ မန်ယူအသင်းက လက်စတာအသင်းကို ငါးဂိုး နှစ်ဂိုး၊ အာဆင်နယ်အသင်းက ပရက်စတန်အသင်းကို သုံးဂိုး ဂိုးမရှိ၊ ပဲလေ့စ်အသင်းက အေဗီလာအသင်းကို နှစ်ဂိုး တစ်ဂိုး၊ နယူးကာဆယ်အသင်းက ချဲလ်ဆီးအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ လီဗာပူးအသင်းက ဘရိုက်တန်အသင်းကို သုံးဂိုးနှစ်ဂိုး၊ ဆောက်သမ်တန်အသင်းက စတုတ်အသင်းကို သုံးဂိုး နှစ်ဂိုး၊ ဘရန့်ဖို့ဒ်အသင်းက ရှက်ဖီး(W)အသင်းကို ပင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့ပြီးနောက် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကွာတားဖိုင်နယ် အဆင့် မဲခွဲမှုအပြီးတွင် လက်ရှိချန်ပီယံ လီဗာပူးအသင်းက ဆောက်သမ်တန်အသင်းကို အဝေးကွင်းတွင်လည်းကောင်း၊ စပါးအသင်းက မန်ယူအသင်းကို အိမ်ကွင်းတွင်လည်းကောင်း၊ အာဆင်နယ်အသင်းက ပဲလေ့စ်အသင်းကို အိမ်ကွင်းတွင်လည်းကောင်း၊ နယူးကာဆယ်အသင်းက ဘရန့်ဖို့ဒ်အသင်းကို အိမ်ကွင်းတွင်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များကို လာမည့် ဒီဇင်ဘာ ၁၆ ရက်တွင် ပြန်လည်ကျင်းပရန်စီစဉ်ထားပြီး လက်ရှိချန်ပီယံ လီဗာပူးအသင်းအနေဖြင့် ချန်ပီယံဆုကို ကာကွယ်နိုင်ရန် အခွင့်အရေးများ ရှိနေကြောင်း သိရသည်။

**Ref : 90 Min**
**Trs : ML**

# ခံစစ်ကစားသမား ဗန်ဒီဗန် ကြွက်သားဒဏ်ရာရရှိခဲ့ကြောင်း နည်းပြပိုစတီကိုဂလူ အတည်ပြုပြောကြား

**လန်ဒန် အောက်တိုဘာ ၃၁**

စပါးအသင်းနှင့် မန်စီးတီးအသင်းတို့ကစားခဲ့သည့် ကွာရာဘောင်းဖလား စတုတ္ထအဆင့်တွင် စပါးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ခံစစ်ကစားသမား ဗန်ဒီဗန်အနေဖြင့် ကြွက်သားဒဏ်ရာကြောင့် စောစီးစွာ လူစားလဲခဲ့ရကြောင်း နည်းပြ ပိုစတီကိုဂလူက အတည်ပြုပြောကြားခဲ့သည်။

ခံစစ်ကစားသမား ဗန်ဒီဗန်သည် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခဲ့ရာ ပွဲချိန် ငါးမိနစ်တွင် အသင်းအနေဖြင့် တီမိုဝါနာ၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲကစားချိန် ၁၄ မိနစ်အရောက်တွင် ဗန်ဒီဗန်အနေဖြင့် ကြွက်သားဒဏ်ရာကြောင့် ပြိုင်ပွဲကို ဆက်လက်ကစားနိုင်ခြင်းမရှိတော့ဘဲ အသင်းဖော်ကစားသမား အူဒိုဂျီနှင့် လူစားလဲထွက်ခွာခဲ့ရကြောင်း သိရသည်။

ဗန်ဒီဗန်သည် ယခုနှစ်ဘောလုံးရာသီ အစပိုင်းတွင်လည်း ဒူးဒဏ်ရာကြောင့် ပွဲစဉ်နှစ်ပွဲခန့် လွဲချော်ခဲ့ရသကဲ့သို့ လက်ရှိတွင်လည်း ကြွက်သားဒဏ်ရာကြောင့် မည်သည့်ကာလအထိ အနားယူရမည်ကိုမသိသေးဘဲ ဒဏ်ရာပြဿနာများကြောင့် ဦးစားပေးပွဲထွက်ခွင့်ရမည့် အခွင့်အရေးများ ဆုံးရှုံးမည်ကို စိုးရိမ်လျက်ရှိသည်။

အဆိုပါပွဲစဉ်တွင် အသင်းဖော်ကစားသမား ရှိမီယိုသည်လည်း ကြွခိုင်မှု အားနည်းချက်ကြောင့် ဒုတိယပိုင်းတွင် လူစားလဲထွက်ခွာခဲ့ရကြောင်း သိရသည်။

စပါးအသင်းသည် မန်စီးတီးအသင်းနှင့်ပွဲစဉ်တွင် တီမိုဝါနာ၊ ကူလူဆက်စကီးတို့၏ သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့ကာ မန်စီးတီးအသင်းကို ချေပဂိုး တစ်ဂိုး ပြန်လည် ခွင့်ပြုပေးရသော်လည်း နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Daily Mail**
**Trs : ML**



# KLPGA S-Oil Championship ပြိုင်ပွဲတွင် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ပက်ဂျီယန်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ဆိုးလ် အောက်တိုဘာ ၃၁**

တောင်ကိုရီးယားနိုင်ငံ ဂျယ်ဂျူးကျွန်းတွင် ကျင်းပသွားမည့် KLPGA S-Oil Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးခဲ့ဖူးသည့် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ပက်ဂျီယန်းက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ပက်ဂျီယန်းသည် KLPGA S-Oil Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအား နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးထားသူဖြစ်ပြီး KLPGA S-Oil Championship ဂေါက်သီးရိုက်ပြိုင်ပွဲ သမိုင်းတွင် တတိယအကြိမ် ချန်ပီယံဆုကို ဆွတ်ခူးနိုင်သည့် ပထဆုံးသော ကစားသမားအဖြစ် မှတ်တမ်းဝင်နိုင်ရန် ပစ်မှတ်ထားယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပက်ဂျီယန်းအနေဖြင့် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ပါက ယခုနှစ်ဂေါက်သီးရိုက်ရာသီကို ကမ္ဘာ့အဆင့်(၁၀)အတွင်းနေရာဖြင့် အဆုံးသတ်နိုင်မည်လည်းဖြစ်သည်။

ပက်ဂျီယန်းက “KLPGA S-Oil Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ ပစ်မှတ်ထားနေပါတယ်။ ရာသီကုန်ခါနီးပြီဖြစ်တဲ့အတွက် လက်ကျန်ပြိုင်ပွဲတွေမှာ အောင်မြင်မှုရရှိရေးအတွက်လဲ အကောင်းဆုံးကြိုးစားသွားမယ်။ KLPGA S-Oil Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့မယ်ဆိုရင် ယခုနှစ်ရာသီမှာ ကမ္ဘာ့အဆင့် ၁၀ အတွင်း ရပ်တည်နိုင်မှာဖြစ်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# Paris Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဒရပ်ပါ တက်ရောက်

**ပဲရစ် အောက်တိုဘာ ၃၁**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် Paris Masters တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်ကစားသမား ဒရပ်ပါနှင့် အမေရိကန် တင်းနစ်ကစားသမား တေလာဖရစ်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒရပ်ပါက(၇-၆၊ ၄-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဒရပ်ပါသည် ရာသီဝက်နောက်ပိုင်း ပါဝင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲများတွင် ရလဒ်ပိုင်း သိသိသာသာတိုးတက်လာခဲ့သလို Paris Masters တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင်လည်း နိုင်ခြေအဆင့်(၅)အဖြစ် သတ်မှတ်ခံထားရသော တေလာဖရစ်ဇ်အားအကောင်းဆုံး ပုံစံဖြင့် အနိုင်ရရှိအောင် ကစားနိုင်ခဲ့သည်။

ဒရပ်ပါသည် တေလာဖရစ်ဇ်အား ပထမပွဲငယ်တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားနိုင်ခဲ့ပြီးမှ အနိုင်ရရှိခဲ့ပြီးနောက် ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည် ရှုံးနိမ့်ခဲ့ရသော်လည်း တတိယပွဲငယ်တွင် အကောင်းဆုံး ပုံစံရခဲ့သည့် ဒရပ်ပါကပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရရှိကာ တတိယအဆင့်ကို တက်ရောက်ခဲ့သည်။



ဒရပ်ပါက “ထိပ်တန်းကစားသမားတစ်ယောက်နဲ့ ယှဉ်ပြိုင်ကစားရတဲ့ ပွဲစဉ်မျိုးမှာ စိတ်ခံတက်ကြံ့ခိုင်မှုနဲ့ ပွဲအပေါ်မှာ အာရုံစိုက်နိုင်မှုက အရေးကြီးဆုံးပါပဲ။ အခု ကျွန်တော်ယှဉ်ပြိုင် ကစားခဲ့ရတဲ့ ကစားသမားက ကမ္ဘာ့အဆင့် ကစားသမား တစ်ယောက်ဖြစ်တဲ့ အတွက် ဒီပွဲစဉ်ကို ကျွန်တော် သေချာပြင်ဆင်ခဲ့တယ်။ ပြင်ဆင်လာတဲ့အတိုင်းလဲ ကစားနိုင်ခဲ့ပါတယ်။ Paris Masters တင်းနစ်ပြိုင်ပွဲရဲ့ ထူးခြားချက်ကတော့ တင်းနစ်ကွင်းပါပဲ။ ကွင်းပြင်မာကျောမှုကြောင့် ဘောလုံးတုံ့ပြန်မှုက အရမ်းမြန်ဆန်တဲ့ အတွက် လျင်မြန်မှုကိုအသားပေးရတယ်။ ဒါကြောင့်လဲ ပွဲပိုပန်းခဲ့တယ်။ ကျွန်တော့်အနေနဲ့ အနိုင်ရခဲ့တယ်ဆိုပေမဲ့ ကျွန်တော့်ရဲ့ အကောင်းဆုံးပုံစံမျိုးတော့ မဟုတ်သေးပါဘူး”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းက တာစတီဂန် ဒဏ်ရာရရှိခဲ့ပြီးနောက် ဦးစားပေး ပွဲထွက်ခွင့်ရရှိနေသည့် ဂိုးသမား အီနာကီပီနာကို ၂၀၂၆ ခုနှစ်ထိ သက်တမ်းကျန်ရှိနေသော်လည်း စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးမှုပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ဘဏ္ဍာရေးအခက်အခဲကြောင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် တောင်ပံကစားသမား အိုမိုနှင့် ပါအူဗစ်တာတို့ကို မှတ်ပုံတင်ရန် အခက်အခဲရှိနေသောကြောင့် ဘာစီလိုနာအသင်းက စိုးရိမ်လျက်ရှိကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် လီဗာပူးအသင်းမှ အာနိုးကို မခေါ်နိုင်ပါက ဒုတိယအစီအစဉ်အနေဖြင့် စပါးအသင်းမှ ပက်ထရိုပိုရိုကို ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။
- မန်ယူအသင်းမှ နည်းပြအာမိုရင် ထွက်ခွာခဲ့ပါက ၎င်းနေရာကို တာဝန်ယူရန် ပစ်မှတ်ထားနေကြောင်း ယာယီနည်းပြ နစ္စတယ်ရွိုင်းက ပြောကြားခဲ့သည်။

ML

# နေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် ရာမညယူနိုက်တက်အသင်းနှင့် University အသင်းတို့ နိုင်ပွဲရရှိ



**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၀) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရာမညယူနိုက်တက် အသင်းနှင့် University အသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြကြောင်း သိရသည်။

နေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၁၀)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ တက္ကသိုလ် အားကစားကွင်းတွင် ရောဝတီ ရိန်းဂျားအသင်းနှင့် University အသင်းတို့ ကစားခဲ့ရာ University အသင်းက ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး University အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် ထက်ဝေယံ၊ ပွဲချိန် ၆၈ မိနစ်၊ မိနစ် ၇၀ နှင့် ၈၅ မိနစ်တွင် ဇော်ဇော်ထိုက်နှင့် ပွဲချိန် ၇၇ မိနစ်တွင် စောမင်းငြိမ်းတို့က သွင်းယူပေးနိုင်ခဲ့ကာ ရောဝတီ ရိန်းဂျားအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၃၉ မိနစ်တွင် ကျော်ထက်က သွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါ ပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို University အသင်းမှ ထက်ဝေယံက ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် ရာမညယူနိုက်တက်အသင်းနှင့် Glory Goal အသင်းတို့ ကစားခဲ့ရာ ရာမညယူနိုက်တက် အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရာမညယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် နှစ်မိနစ်တွင် စောမြင့်နိုင်၊ ပွဲချိန် သုံးမိနစ်တွင် ဖူးခန့်ကျော်၊ ပွဲချိန် ၁၉ မိနစ်တွင် သူရစံ၊ Glory Goal အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၆ မိနစ်တွင် တင်ဝင်းအောင်၊ ပွဲချိန် ၉၃ မိနစ်တွင် သော်ဇင်အောင်တို့က သွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါ ပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရာမညယူနိုက်တက် အသင်းမှ သူရစံက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# ဗလင်စီယာအသင်းနှင့် အက်စကွဲလာအသင်းတို့ ဖလားပွဲစဉ်ကို ရေကြီးမှုကြောင့် ရွှေ့ဆိုင်း

**မက်ဒရစ် အောက်တိုဘာ ၃၁**

ကိုပါဒယ်ရေး ဖလားပြိုင်ပွဲအဖြစ် စပိန်ဆဋ္ဌမတန်းကလပ် အက်စကွဲလာအသင်းနှင့် ဗလင်စီယာအသင်းတို့ ပွဲစဉ်ကို ရုတ်တရက် ရေကြီးမှုကြောင့် ရွှေ့ဆိုင်းခဲ့ရပြီး လာမည့် နိုဝင်ဘာ ပထမအပတ်တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အက်စကွဲလာ အသင်းသည် ရီးရဲလ်မက်ဒရစ်မြို့နှင့် ၁၅ မိုင်ခန့်အကွာတွင်တည်ရှိသည့် ဒေသအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သဖြင့် ဗုဒ္ဓဟူးနေ့တွင် ကိုပါဒယ်ရေး ဖလားပြိုင်ပွဲအဖြစ် ဗလင်စီယာအသင်းနှင့် ကစားရမည့်ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့ရကာ ၎င်းတို့နှင့်အတူ စတုတ္ထတန်းကလပ် ပွန်ဒီဗီဒရာအသင်းနှင့် လီဗန်တေးအသင်း၊ ရီရက်ဖ်အသင်းနှင့် စီအူတာအသင်းတို့ ပွဲစဉ်ကိုလည်း ရွှေ့ဆိုင်းခဲ့ရသည်။

ထို့ပြင် ကြာသပတေးနေ့ကလည်း ရေကြီးရေလျှံမှုအကျိုးဆက်ကြောင့် မန်နီဆက်စ်အသင်းနှင့် ဂီတာဖေးအသင်းတို့၏ ပွဲစဉ်ကိုလည်း ထပ်မံရွှေ့ဆိုင်းခဲ့ရသည်။

လက်ရှိတွင် စပိန်ဘောလုံးအဖွဲ့ချုပ်က ရွှေ့ဆိုင်းခဲ့ရသည့်ပွဲစဉ်များကို လာမည့် နိုဝင်ဘာ ၆၊ ၇ ရက်တွင် ပြန်လည်ယှဉ်ပြိုင်ရန် ပွဲစဉ်ရေးဆွဲခဲ့ပြီး ကစားရမည့်အချိန်နှင့် နေရာကိုလည်း အတည်ပြုထုတ်ပြန်ထားကြောင်း သိရသည်။

ယခုအခါ ဗလင်စီယာမြို့အရှေ့ဘက်ပိုင်းကိုလည်း အရေးပေါ်အခြေအနေ ကြေညာထားသည့်အတွက် လာမည့် နိုဝင်ဘာ ၃ ရက်တွင် ဗလင်စီယာအသင်းနှင့် ရီးရဲလ်မက်ဒရစ် အသင်းတို့ ကစားရမည့် အမှတ်ပေးပွဲစဉ်ကိုလည်း ရွှေ့ဆိုင်းခဲ့သကဲ့သို့ ဗီလာရီးရဲလ်အသင်းနှင့် ဗယ်လ်ကာနိုအသင်းတို့ပွဲစဉ်ကိုလည်း ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ဘာစီလိုနာအသင်းက လူငယ်ကစားသမား ဖာမင်လိုပက်ဇ်ကို ၂၀၂၉ ခုနှစ်ထိ ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်



**မက်ဒရစ် အောက်တိုဘာ ၃၁**

ဘာစီလိုနာအသင်းက အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေသည့် လူငယ်ကစားသမား ဖာမင်လိုပက်ဇ်ကို လာမည့် ၂၀၂၉ ခုနှစ် ဇွန်လထိ ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ ဖာမင်လိုပက်ဇ်သည် ဘာစီလိုနာအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုကာ စတင်လက်တွဲခဲ့သော်လည်း အရန်အသင်းတွင်သာ ကစားခွင့်ရရှိခဲ့ပြီး ဒီပို့တီဗိုအသင်းထံ ရာသီဝက်အငှားစာချုပ်ဖြင့် ကစားခဲ့ရသည်။

ထို့နောက် ဖာမင်လိုပက်ဇ်သည် ၂၀၂၃ ခုနှစ်တွင် ဒီပို့တီဗိုအသင်းနှင့် အငှားစာချုပ်ကုန်ဆုံးခဲ့ပြီးနောက် ဘာစီလိုနာအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ပြီးနောက်တွင် အသင်းကြီး၌ စတင်ပါဝင်ကစားခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီကလည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သည်။

ထို့နောက် ယခုနှစ်ဘောလုံးရာသီတွင်လည်း ဖာမင်လိုပက်ဇ်သည် ဘာစီလိုနာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသလျက်ရှိနေပြီး ပြိုင်ပွဲစုံ ခြောက်ပွဲကစားခဲ့ရာတွင် နှစ်ကြိမ်ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့ပြီး အခြားထိပ်တန်းအသင်းများက ခေါ်ယူရန်စောင့်ကြည့်နေသည့်အတွက် ဘာစီလိုနာအသင်းက လက်မလွှတ်လိုသောကြောင့် ၂၀၂၉ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ပရီးမီးယားလိဂ် ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်များ

ML

## နယူးကာဆယ် Vs အာဆင်နယ်

ကစားမည့်ရက်/အချိန် ၂-၁၁-၂၀၂၄ (ည ၀၇း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အာဆင်နယ် ၄ - ၁ နယူးကာဆယ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |
| အာဆင်နယ် | - | အိမ်(နိုင်) | အိမ်(သရေ) | ဝေး(နိုင်) |

နယူးကာဆယ်ဟာ ဖလားပြိုင်ပွဲမှာ ချဲလ်ဆီးအသင်းကို ဂိုးပြတ်အနိုင်ရထားပေမဲ့ ဒဏ်ရာရကစားသမားများနေတဲ့ခံစစ်ပိုင်းက အားနည်းချက်ရှိနေတာကိုတွေ့ရမှာပါ။ အာဆင်နယ်ကတော့ ပရီးမီးယားလိဂ် နှစ်ပွဲဆက် နိုင်ပွဲပျောက်ခဲ့တာကြောင့် အမှတ်ပေးဇယားကို စိန်ခေါ်နိုင်ဖို့ အခုပွဲမှာ ကစားသမားအစုံအလင်နဲ့ ဖိအားပေးမှာဖြစ်လို့ တိုက်စစ်ပိုင်း ထက်မြက်နေတဲ့ အာဆင်နယ်ကို နယူးကာဆယ် ထိန်းချုပ်နိုင်မှာ မဟုတ်ပါဘူး။

ခန့်မှန်းရလဒ် နယူးကာဆယ် ၁ -၂ အာဆင်နယ်

## ဆောက်သမ်တန် Vs အဲဗာတန်

ကစားမည့်ရက်/အချိန် ၂-၁၁-၂၀၂၄ (ည ၀၉း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အဲဗာတန် ၁ - ၁ ဆောက်သမ်တန်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဆောက်သမ်တန် | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |
| အဲဗာတန် | - | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(သရေ) |

ပရီးမီးယားလိဂ်မှာ နိုင်ပွဲပျောက်နေတဲ့ ဆောက်သမ်တန်ဟာ အိမ်ကွင်းတိုက်စစ်ကောင်းပေမဲ့ ခံစစ်ပိုင်းပေးဂိုးများနေလို့ ရလဒ်ဆိုးရွားနေတာဖြစ်ပါတယ်။ လက်ရှိ အဲဗာတန်ကတော့ ကစားပုံတည်ငြိမ်လာတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ ခြောက်ပွဲဆက် ရှုံးပွဲမရှိခဲ့ပါဘူး။ ဒါပေမဲ့ တိုက်စစ်ပိုင်းဂိုးရဖို့ ရုန်းကန်နေရတာကြောင့် ဆောက်သမ်တန် ခံစစ်ကစားပုံပြင်နိုင်ရင် အဲဗာတန်ကို အနိုင်ရသွားမှာဖြစ်ပါတယ်။

ခန့်မှန်းရလဒ် - ဆောက်သမ်တန် ၁ - ၀ အဲဗာတန်

# စပိန်လာလီဂါ ပွဲစဉ်(၁၂) ပွဲကြိုသုံးသပ်ချက်

STA

## ဂျီရိုနာ Vs လီဂါနက်

ကစားမည့်ရက်/အချိန် ၂-၁၁-၂၀၂၄ (ည ၁၀း၄၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လီဂါနက် ၁ - ၁ ဂျီရိုနာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(နိုင်) |
| လီဂါနက် | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(နိုင်) |

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံမာကျောမှုရှိတဲ့ ဂျီရိုနာအသင်းဟာ အခုပွဲစဉ်မှာလဲ လီဂါနက်ကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ လီဂါနက်အသင်းကလဲ နှစ်ပွဲဆက်နိုင်ပွဲရယူထားတယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် ဂျီရိုနာအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဂျီရိုနာ ၂ - ၁ လီဂါနက်

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၉) ပွဲကြိုသုံးသပ်ချက်

STA

## ဒေါ့မွန် Vs လိုက်ပ်ဇစ်

ကစားမည့်ရက်/အချိန် ၂-၁၁-၂၀၂၄ (ည ၁၂း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လိုက်ပ်ဇစ် ၄ - ၁ ဒေါ့မွန်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | - | ဝေး(ရှုံး) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| လိုက်ပ်ဇစ် | - | အိမ်(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

ဒေါ့မွန်အသင်းဟာ သုံးပွဲဆက်ရှုံးနိမ့်ထားတယ်ဆိုပေမဲ့ အိမ်ကွင်းမှာတော့ ရလဒ်ကောင်းလေ့ရှိပြီး ရှုံးပွဲမရှိသေးပါဘူး။ လိုက်ပ်ဇစ်အသင်းကတော့ နှစ်ပွဲဆက်နိုင်ပွဲရယူထားပြီး ပုံစံကောင်းပြသနေတယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် ဒေါ့မွန်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

ခန့်မှန်းရလဒ် - ဒေါ့မွန် ၃ - ၂ လိုက်ပ်ဇစ်

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# လိင်အင်္ဂါကြွက်နို့ကာကွယ်ဆေးအကြောင်းသိကောင်းစရာ အပိုင်း(၂)

> ❖ HPV ကာကွယ်ဆေးထိုးစီမံချက်ရှိသည့် နိုင်ငံများတွင် စအိုနှင့်လိင်အင်္ဂါတစ်ဝိုက်အဖြစ်များသည့် ကြွက်နို့ရောဂါများနှင့် သားအိမ်ခေါင်းအကြိုကင်ဆာဖြစ်ပွားမှုများ ကျဆင်းသွားကြောင်း တွေ့ရှိရသည်။ အရေးကြီးသည့်အချက်မှာ HPV ကာကွယ်ဆေးကိုလည်း အခြားသော ကာကွယ်ဆေးထိုးစီမံချက်များကဲ့သို့ပင် အကျုံးဝင်သော အသက်အရွယ်အပိုင်းအခြားမှ ကျား၊ မ အားလုံးကို စီမံချက်ရေးဆွဲ၍ အခမဲ့ထိုးနှံပေးနိုင်ရန်ဖြစ်သည်။ ❖

လိင်အင်္ဂါကြွက်နို့ဗိုင်းရပ်ပိုး(HPV)ကာကွယ်ဆေးများကို သုံးကြိမ်ပြည့်အောင်ထိုးနှံရမည်ဟု မူလကသတ်မှတ်ထားခဲ့သည်။ သို့သော် HPV ကာကွယ်ဆေးတစ်လုံးထိုးပြီး ခန္ဓာကိုယ်မှထွက်ပေါ်လာသည့် ပဋိပစ္စည်းပမာဏ နှစ်ပေါင်းများစွာအလုံအလောက်ကျန်နေဆဲဖြစ်ကြောင်း တွေ့ရှိလာကြသည့်အတွက် ကာကွယ်ဆေးထိုးရမည့်အကြိမ်ရေကို လျှော့ချနိုင်မည်လားဟု မေးခွန်းထုတ်စရာဖြစ်လာသည်။ ပထမဆုံး ကာကွယ်ဆေးသုံးကြိမ်ထိုးသည့်နေရာတွင် နှစ်ကြိမ်သာထိုးနှံနိုင်မလား လေ့လာကြသည်။ အသက် ကိုးနှစ်မှ ၁၄ နှစ်အရွယ်မိန်းကလေးငယ်များမှာ ဆေးနှစ်ကြိမ်ထိုးရုံဖြင့် လုံလောက်မှုရှိကြောင်း သက်သေခိုင်ခိုင်မာမာတွေ့ကြသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ်ကို ခြောက်လစီခြားပြီး နှစ်ကြိမ်ထိုးသည့်အုပ်စုနှင့် ပထမနှင့် ဒုတိယအကြိမ်ကို နှစ်လခြား၊ ဒုတိယနှင့်တတိယအကြိမ်ကို ခြောက်လခြားပြီး ထိုးသည့်အုပ်စု၊ နှစ်စုကြား ရလဒ်ကွာခြားခြင်းမရှိကြောင်း တွေ့ရသည်။

ဆက်လက်ပြီး ကာကွယ်ဆေးတစ်လုံးတည်းဖြင့် စိတ်ချလုံလောက်နိုင်ပါ့မလား ဆိုသည်ကို ဆက်လက်လေ့လာကြသည့်အခါတွင်လည်း ရလဒ်မကွာခြားကြောင်း ထပ်မံတွေ့ရှိရပြန်သည်။ ကာကွယ်ဆေး တစ်ကြိမ်ထဲထိုးထားသည့်သူက နှစ်ကြိမ်၊ သုံးကြိမ်ထိုးထားသည့်သူများလောက် ပဋိဇီဝပစ္စည်း(Antibody) မတက်သော်လည်း နောင် ၁၀နှစ်ကြာသည်ထိကျန်ရှိနေပြီး ရောဂါကာကွယ်နိုင်စွမ်းရှိနေကြောင်း တွေ့ရသည်။

ယနေ့အချိန်ဆိုလျှင် HPV ကာကွယ်ဆေးများ စတင်ထိုးနှံခဲ့သည်မှာ ၁၅ နှစ်တာကြာမြင့်ခဲ့ပြီဖြစ်သည်။ တစ်စုံတစ်ရာအန္တရာယ်မရှိဘဲ ထိုးနှံနေကြကြောင်းလည်းတွေ့ရှိရသည်။ ၂၀၂၃ ခုနှစ်ထိ အမေရိကန်နိုင်ငံတစ်နိုင်ငံတည်း၌ပင် HPV ကာကွယ်ဆေး ၁၃၅ သန်းကျော်ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်သည်။ ဘေးထွက်ဆိုးကျိုးအနေဖြင့် ကာကွယ်ဆေးထိုးနေစဉ် တချို့မိန်းကလေးငယ်များမှာ မူးဝေသည့်ဝေဒနာခံစားရကြောင်းတွေ့ရသည်။ ထို့ကြောင့် မိန်းကလေးငယ်များတွင် HPV ကာကွယ်ဆေးထိုးနှံသည့်အခါ ထိုင်လျက်ထိုးနှံသင့်ပြီး ဆေးထိုးပြီး ချက်ချင်းထမသွားဘဲ ခဏစောင့်ကြည့်သင့်သည်။

အမေရိကန်နိုင်ငံ၏ HPV ကာကွယ်ဆေးထိုးနှံပုံများကို နမူနာအဖြစ်လေ့လာကြည့်သည့်အခါ ၂၀၀၆ ခုနှစ်မှစတင်လျက် အသက် ၁၁ နှစ် သို့မဟုတ် ၁၂ နှစ်အရွယ်မိန်းကလေးများကို HPV ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့သည်။ အသက်အငယ်ဆုံး ကိုးနှစ်ထိသတ်မှတ်ပြီး ထိုးပေးကြခြင်းလည်းရှိသည်။ ၂၀၁၁ ခုနှစ် ရောက်သည့်အခါ ယောက်ျားလေးများကိုပါ HPV ကာကွယ်ဆေးထိုးအစီအစဉ်ထဲထည့်သွင်းလိုက်သည်။ ကာကွယ်ဆေးလုံးဝမထိုးရသေးသူများကို အသက် ၂၆ နှစ်ထိပိုင်းဖြတ်ပြီး ထိုးနှံပေးသည်။ ၎င်းကို Catch-up Vaccination ဟုခေါ်သည်။ အကောင်းဆုံးကတော့ လိင်ဆက်ဆံမှုမပြုဖူးခင်မှာ HPV ကာကွယ်ဆေးထိုးနှံနိုင်ရန်ဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် ကိုးမျိုးစပ် HPV ကာကွယ်ဆေးပေါ်ပေါက်လာပြီးနောက် အသက် ၂၇ နှစ်မှ ၄၅ နှစ်အရွယ် အမျိုးသမီးများတွင် ဆရာဝန်၏ဆုံးဖြတ်ချက်နှင့် ထိုးနှံနိုင်ကြောင်း ခွင့်ပြုလာခဲ့သည်။ အမေရိကန်နိုင်ငံတွင် လေးမျိုးစပ်၊ နှစ်မျိုးစပ်နှင့် ကိုးမျိုးစပ် HPV ကာကွယ်ဆေး သုံးမျိုးကို အသုံးပြုခွင့်ပေးထားသော်လည်း ၂၀၁၅ ခုနှစ်ထိ လေးမျိုးစပ်ကာကွယ်ဆေးကို သာထိုးနှံခဲ့ကြောင်း တွေ့ရှိရသည်။

၂၀၂၁ခုနှစ်တွင် အမေရိကန်နိုင်ငံရှိ ယောကျ်ားလေး ၇၅ ရာခိုင်နှုန်းနှင့် မိန်းကလေး ၇၉ ရာခိုင်နှုန်းမှာ HPV ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးဖြစ်ကြသည်။ ကာကွယ်ဆေးရာနှုန်းပြည့်ထိုးနှံနိုင်ရေးအတွက် အသိပညာပေးတိုက်တွန်းခြင်းလုပ်ငန်းများက အရေးပါလှသည်။

**HPV ကာကွယ်ဆေး၏အကျိုးအာနိသင်များ**

HPV ပိုးကူးစက်ခံရပြီး ဆယ်စုနှစ်များကြာမှ သားအိမ်ခေါင်းကင်ဆာအဖြစ်သို့ ရောက်သည်။ အခြားသောအာခံတွင်းကင်ဆာ၊ စအိုကင်ဆာ အစရှိသည့်ကင်ဆာများသည်လည်း အတိအကျမသိရှိနိုင်သေးသော်လည်း HPV ပိုး ကူးစက်ပြီးနောက် အချိန်ကာလတစ်ခုကိုဖြတ်သန်းပြီးမှ ကင်ဆာအဆင့်ကိုရောက်ရှိလာကြသည်။ ထို့ကြောင့် HPV ကာကွယ်ဆေးထိုးနှံပြီး နှစ်၂၀၊ ၃၀ ကြာမှ HPV ကြောင့်ဖြစ်ပွားရသည့် ကင်ဆာရောဂါများ ဖြစ်ပွားမှုကျဆင်းလာသည်ကို ထင်ထင်ရှားရှားတွေ့မြင်ကြရမည်ဖြစ်သည်။ တကယ်တမ်း အမေရိကန်နိုင်ငံတွင် HPV ကာကွယ်ဆေးထိုးနှံပြီး လေးနှစ်တာကာလအတွင်း၌ပင် အသက် ၁၄ နှစ်မှ ၁၉ နှစ်ကြား မိန်းကလေးများတွင် လိင်အင်္ဂါကြွက်နို့ရောဂါဖြစ်ပွားမှု ၅၆ ရာခိုင်နှုန်းထိ ကျဆင်းသွားကြောင်း တွေ့ရသည်။

HPV ကာကွယ်ဆေးထိုးစီမံချက်စတင်ပြီး ၁၂ နှစ်ကြာတွင် အသက် ၁၄ နှစ်မှ ၁၉ နှစ်ကြား မိန်းကလေးများ၌ လိင်အင်္ဂါကြွက်နို့ရောဂါဖြစ်ပွားမှုမှာ ၈၈ ရာခိုင်နှုန်းအထိကျဆင်းပြီး အသက် ၂၀ မှ ၂၄ နှစ်ကြား အမျိုးသမီးများတွင် ၈၁ ရာခိုင်နှုန်းထိကျဆင်းသွားကြောင်း တွေ့ရသည်။ ပို၍အံ့ဩဖွယ်ကောင်းသည်မှာ HPV ကာကွယ်ဆေးထိုးနှံထားခြင်း မရှိသူများတွင်ပါ လိင်အင်္ဂါကြွက်နို့ရောဂါများ ကျဆင်းသွားသည်ကိုတွေ့ရခြင်းဖြစ်သည်။ ၎င်းကို Herd Effect ဟုခေါ်သည်။ ဒေသအတွင်းလူအများစုတွင် HPV ကာကွယ်ဆေးထိုးနှံထားမှုကြောင့် HPV ပိုးကူးစက်မှု ကျဆင်းသွားပြီး ကာကွယ်ဆေးမထိုးရသေးသူများတွင်ပါ HPV ပိုးကူးစက်မှုကျဆင်းသွားခြင်းဖြစ်သည်။

HPV ကာကွယ်ဆေးထိုး စီမံချက်ကြောင့် သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားမှုများအပေါ်တွင် သိသာထင်ရှားသည့် အကျိုးသက်ရောက်မှုများကို စတင်တွေ့မြင်နေရပြီဖြစ်သည်။ ၂၀၀၈-၂၀၀၉ ခုနှစ်ကာလများနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်ကာလများအတွင်း HPV 16 နှင့် 18 ဗိုင်းရပ်မှုကွဲများကြောင့်ဖြစ်ရသည့် သားအိမ်ခေါင်းအကြိုကင်ဆာဖြစ်ပွားမှုမှာ ၇၇ ရာခိုင်နှုန်းထိ ကျဆင်းသွားကြောင်းတွေ့ရသည်။ မှတ်သားရန်မှာ သားအိမ်ခေါင်းအကြိုကင်ဆာဖြစ်ပွားမှုကို စစ်ဆေးတွေ့ရှိနိုင်မှုအတွက် သားအိမ်ခေါင်းကင်ဆာကြိုတင်စစ်ဆေးခြင်း(Screening) ပုံမှန်ပြုလုပ်ရန်လိုအပ်သည်။

သားအိမ်ခေါင်းကင်ဆာအတွက် Screening မရှိသည့် နိုင်ငံများတွင် သားအိမ်ခေါင်းအကြိုကင်ဆာအဆင့်ကိုတွေ့ရှိရန်မလွယ်ကူပေ။ HPV ကာကွယ်ဆေးထိုးစီမံချက်ရှိသည့်နိုင်ငံများတွင် စအိုနှင့်လိင်အင်္ဂါတစ်ဝိုက်အဖြစ်များသည့် ကြွက်နို့ရောဂါများနှင့် သားအိမ်ခေါင်းအကြိုကင်ဆာဖြစ်ပွားမှုများကျဆင်းသွားကြောင်းတွေ့ရှိရသည်။ အရေးကြီးသည့်အချက်မှာ HPV ကာကွယ်ဆေးကိုလည်း အခြားသော ကာကွယ်ဆေးထိုးစီမံချက်များကဲ့သို့ပင် အကျုံးဝင်သော အသက်အရွယ်အပိုင်းအခြားမှ ကျား၊ မအားလုံးကို စီမံချက်ရေးဆွဲ၍ အခမဲ့ထိုးနှံပေးနိုင်ရန်ဖြစ်သည်။

**HPV ကာကွယ်ဆေးများနှင့်ပတ်သတ်ပြီး မသေချာမှုများ**

HIV (ခုခံအားကျဆင်းမှုကူးစက်ရောဂါ)ပိုးရှိသူအမျိုးသမီးများသည် အသက်ငယ်ငယ်နှင့် သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်ပွားမှုများသည်။ ကိုယ်ခံအားကျဆင်းလာသည့်အခါ ကင်ဆာဖြစ်ပွားမှုကို အားပေးသည်။ HIV ပိုးရှိနေသူ အမျိုးသမီးတစ်ဦး သားအိမ်ခေါင်းကင်ဆာဖြစ်ပွားသည်နှင့် AIDS အဆင့်ကိုရောက်ပြီဟု သတ်မှတ်သည်။ ART ဆေးများအစွမ်းကြောင့် HIV ပိုးရှိသူများသည် ပုံမှန်သက်တမ်းစေ့နေသွားနိုင်ကြပါပြီ။ သို့သော် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားလျှင် ပုံမှန်သက်တမ်းစေ့ရန်မလွယ်ကူပေ။ ထို့အတွက် HIV ပိုးရှိနေသူများကို HPV ကာကွယ်ဆေးထိုးနှံရန် အရေးကြီးကြောင်း လက်ခံထားကြသည်။ သို့သော် မရေရာသည့်အချက်မှာ HIV ပိုးရှိသူများသည် ကိုယ်ခံစွမ်းအားကျဆင်းနေတတ်သည်ဖြစ်ရာ HPV ကာကွယ်ဆေးထိုးသည့်အခါ အာနိသင်ရှိပါ့မလား တစ်နည်းအားဖြင့် "ဆေးအောင်" ပါ့မလားဆိုသည့်အချက်ဖြစ်သည်။

အသက် ၁၆ နှစ်မှ ၂၆ နှစ်အရွယ်လိင်တူဆက်ဆံသည့် HIV ပိုးရှိနေသူ အမျိုးသားများကို HPV ကာကွယ်ဆေးထိုးနှံလိုက်သည့်အခါ သိသာထင်ရှားသည့်အာနိသင်ရှိကြောင်းတွေ့ရှိရသည်။ သို့သော် ထိုကာကွယ်ဆေး၏ အကျိုးအာနိသင်မှာ မည်မျှကြာကြာခံနိုင်ရည်ရှိနေမည်ဆိုသည်ကို မသိနိုင်ကြသေးပေ။ ဆက်လက်သုတေသနများပြုလုပ်နေကြဆဲဖြစ်သည်။

HPV ဗိုင်းရပ်မှုကွဲပေါင်းရာချီရှိနေပြီး ကင်ဆာဖြစ်စေနိုင်သည့် HPV ဗိုင်းရပ်မှုကွဲများလည်း ဒါဇင်နှင့်ချီရှိနေကြောင်းဖော်ပြခဲ့ပြီးဖြစ်သည်။ လက်ရှိ HPV ကာကွယ်ဆေးများမှာ မှုကွဲဗိုင်းရပ်အများဆုံး ကိုးမျိုးထိသာ ကာကွယ်နိုင်သည့်အတွက် အခြားမကာကွယ်နိုင်သည့် HPV ဗိုင်းရပ်မှုကွဲများဖြစ်ပွားမှု ပိုမိုများပြားလာမလားဟု စိုးရိမ်မှုများရှိနေသည်။

၂၀၂၂ ခုနှစ်မှစတင်လျက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က HPV ကာကွယ်ဆေးကို တစ်ကြိမ်ထိုးနှံရုံဖြင့် လုံလောက်ကြောင်း ကြေညာအပြီးတွင် HPV ကာကွယ်ဆေးတစ်ကြိမ်သာ ထိုးနှံပေးသည့်နိုင်ငံများပေါ်ပေါက်လာကြသည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၂၀ ပြည့်နှစ်မှ စတင်လျက် Gavi ကာကွယ်ဆေးထိုးအဖွဲ့ကြီး၏အကူအညီဖြင့် ပထမဆုံးအကြိမ် HPV ကာကွယ်ဆေးထိုးလုပ်ငန်းကိုစတင်ခဲ့သည်။ HPV ကာကွယ်ဆေးတစ်လုံး၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဒေါ်လာကျသင့်ပြီး ကျသင့်ငွေ၏ ၈၈ ရာခိုင်နှုန်းကို Gavi အဖွဲ့ကြီးကလှူဒါန်းလျက်ရှိပြီးကျန် ၁၂ ရာခိုင်နှုန်းကို နိုင်ငံတော်မှကျခံပေးခြင်းဖြစ်သည်။ ထိုးနှံပေးသည့် HPV ကာကွယ်ဆေးအမျိုးအစားမှာ လေးမျိုးစပ် Gardasil အမျိုးအစားဖြစ်သည်။ မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်နှင့်အထက် အမျိုးသမီး ၂၀ ဒသမ ၆ သန်းရှိပြီး HPV ပိုးကူးစက်ဖြစ်ပွားနေမှုအခြေအနေကို အတိအကျမသိရှိနိုင်သေးပေ။ သားအိမ်ခေါင်းကင်ဆာ ကြိုတင်စစ်ဆေးသည့်စီမံချက်လည်း မရှိသေးသည့်အနေအထားဖြစ်သည်။ မြန်မာမိန်းကလေးငယ်များကို အသက် ကိုးနှစ်မှ စတင်လျက် HPV ကာကွယ်ဆေးထိုးခြင်းကို ပုံမှန်ပြုလုပ်သွားနိုင်ရန်လိုအပ်သည်။ ဖြစ်နိုင်ပါက မြန်မာယောကျ်ားလေးများတွင်ပါ HPV ကာကွယ်ဆေးစီမံချက်အတွင်း ထည့်သွင်းထိုးနှံပေးရန် လိုအပ်သည်။

အာခံတွင်းကင်ဆာများသည်လည်း HPV ပိုးကြောင့်ဖြစ်ရသည့် ကင်ဆာရောဂါတစ်မျိုးဖြစ်ပြီး HPV 16 ဗိုင်းရပ်မှုကွဲက အဓိကတရားခံဖြစ်သည်။ HPV ကာကွယ်ဆေးများထိုးနှံပြီး အာခံတွင်းကင်ဆာ ဖြစ်ပွားမှု ကျဆင်းသွားခြင်း ရှိ၊ မရှိ သုတေသနများ ပြုလုပ်ဆဲဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် HPV ကိုးမျိုးစပ်ကာကွယ်ဆေးကိုအာခံတွင်းနှင့် အခြားဆက်စပ်ကင်ဆာရောဂါများကာကွယ်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် အမေရိကန်နိုင်ငံတွင် စတင်ထိုးနှံခွင့်ပြုခဲ့သည်။ ထို့ကြောင့် HPV ကာကွယ်ဆေးကို သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးဟု အမည်တပ်ရန်နှင့် မလုံလောက်တော့သည့်အခြေအနေဖြစ်သည်။

**နိဂုံး**

လိင်အင်္ဂါကြွက်နို့ဗိုင်းရပ်ပိုး(HPV) မှာ ကူးစက်ပြီးခါစ ရောဂါဝေဒနာမပြင်းထန်သော်လည်း ဆယ်စုနှစ်များကြာလာသည့်အခါ သားအိမ်ခေါင်းကင်ဆာ၊မွေးလမ်းကြောင်း ကင်ဆာ၊ စအိုကင်ဆာ၊ အာခံတွင်းကင်ဆာ၊လိင်တံကင်ဆာစသည့်ကင်ဆာရောဂါများဖြစ်ပွားလာနိုင်သည်။ လက်ရှိကာလတွင် HPV ကာကွယ်ဆေးအမျိုးအစား သုံးမျိုးရှိနေပြီး ထိုသုံးမျိုးစလုံးသည် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း သက်သေထူနိုင်ခဲ့ပြီးဖြစ်သည်။ ၎င်းကာကွယ်ဆေးများ၏ အခြားသောကင်ဆာရောဂါများအပေါ် အာနိသင်ရှိမှုကိုလည်း မကြာမီသိခွင့်ရတော့မည်ဖြစ်ပြီး တစ်ခုထက်ပိုသောရည်ရွယ်ချက်များဖြင့် HPV ကာကွယ်ဆေးကို ထိုးနှံကြရတော့မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

– HumanPalillomavirus Vaccination from NEJM, May 2023

**ဒေါက်တာလွှမ်းမိုးဟန်**

# Pyapon Township ships 65,000 bags of broken rice to Yangon in September


Bags of rice being unloaded to a warehouse.

**Pyapon October 31**

A total of 65,000 bags of broken rice were shipped from Pyapon Township, Pyapon District, Ayeyawady Region to Yangon during September, said Daw Aye Aye, owner of Pyapon Township's rice trading fair.

During August, only up to 50,000 bags of broken rice were transported from Pyapon Township to Yangon. It is reported that the local broken rice is being bought from the Yangon market.

"Broken rice is mainly transported and sold to Yangon from Pyapon Township by trucks. Starting from the first week of September, the demand has increased significantly. Rice trading fair owners are continuously transporting and selling broken rice. Traders are comfortable because there are no such difficulties and they can be shipped and sold conveniently," she said.

It was reported that the price of 24-basket bag of broken rice is 47,500 kyats per bag. Due to the good price and demand, the lives of traders, rice trading fair owners, cargo workers, and those who rent trucks are comfortable.

KKL

# Kyaiklat Township delivers 550,000 bunches of bananas to Yangon in September

**Kyaiklat October 31**

Up to 550,000 bunches of bananas from Kyaiklat Township, Pyapon District, Ayeyawady Region, were sold to the Yangon market during September, said Daw Thuzar, the owner of a banana fair in Kyaiklat Township.

Local bananas from Kyaiklat Township are being shipped to the Yangon market. During August, up to 400,000 bunches of bananas were sold to the Yangon market.

"In the past, the sales of bananas to Yangon market were good. Local crops were transported to the Yangon market and sold. There is a high demand for bananas in the country. We sold Phee Gyan, Thee Hmwe, Yakhine and Sin Swe bananas mostly. The current price of bananas is a little higher than before. Selling and buying are running smoothly," she said.

The prices of bananas in the Yangon market within a month were 135,000 kyats per 100 bunches of Phee Gyan bananas, 98,000 kyats per 100 bunches of Yakhine bananas, 165,000 kyats per 100 bunches of Thee Hmwe bananas and 155,000 kyats per 100 bunches of Sin Swe bananas.

KKL


Newly plucked bananas.

# Pyapon Township supplies 70,000 visses of short-body mackerel to Yangon in September

**Pyapon October 31**

A total of 70,000 visses of short-body mackerel were transported from Pyapon Township, Ayeyawady Region, to the Yangon market during September, said Daw Moe Myint, the owner of Pyapon Township's fishery products trading fair.

The short-body mackerel caught naturally in Pyapon Township are being shipped to the Yangon market. During August, only up to 45,000 visses of short-body mackerel could be sold to the Yangon market.

"There were more sales of short-body mackerel in the previous month. In addition to prawns and crabs, Pyapon Township is also selling short-body mackerel. Short-body mackerel are mainly transported from Pyapon town to Yangon market. Now that transactions are more brisk than usual, the job opportunities for fishermen and traders are good," she said.

It is said that only one viss of short-body mackerel shipped from Pyapon Township to Yangon market fetches up to 17,500 kyats.

These aquatic product traders purchased various types of fish, including short-body mackerel, various types of prawns and crabs, and they cleaned and packaged properly, and then sent to Yangon.

KKL

# UK unveils new budget with tax hikes of 40 bln pounds

**London October 31**

The Labour Party government unveiled its first budget on Wednesday, outlining plans to raise taxes by 40 billion pounds (51.9 billion U.S. dollars) a year.

Chancellor of the Exchequer Rachel Reeves presented the budget in the House of Commons, marking Labour Party's first budget since returning to power in July after 14 years.

Despite previous assurances not to raise taxes on working people, the chancellor announced a rise in employers' National Insurance (NI) contributions from 13.8 percent to 15 percent, effective April 2025. Also, the threshold at which employers begin paying NI for employees will be reduced from 9,100 to 5,000 pounds annually.

Together, these changes are projected to generate 25 billion pounds per year for the government.

Capital gains tax will also see an increase, with the lower rate rising from 10 percent to 18 percent and the higher rate from 20 percent to 24 percent, Reeves said.

The inheritance tax threshold will remain frozen, allowing up to 325,000 pounds to be inherited tax-free.

The national minimum wage for full-time workers aged 21 and over will rise by 6.7 percent to 12.21 pounds an hour, while that for 18 to 20-year-olds will rise from 8.6 to 10 pounds an hour. The chancellor also noted the income tax and NI contributions thresholds will be unfrozen starting in the 2028-29 fiscal year.

Xinhua

# Death toll of spanish floods climbs to 95

**Madrid October 31**

At least 95 people have been killed in flooding as torrential rain battered Spain's eastern region of Valencia and the neighboring provinces of Albacete and Cuenca, according to Angel Victor Torres, Minister for Territorial Policy and Democratic Memory.

Exceptionally heavy rainfall, totaling over 400 liters per square meter, flooded parts of Valencia and the provinces of Albacete and Cuenca within just a few hours between Tuesday night and early Wednesday morning.

More than 60 roads have been closed due to flooding, including major highways along the eastern coast and between Madrid and Valencia. Local train services have been halted, and the high-speed rail connection between Valencia and the capital is also suspended.

Prime Minister Pedro Sanchez will visit the affected regions on Thursday, the government said in an official communique.

Sanchez convened an emergency cabinet meeting Wednesday morning and made a formal declaration at midday, pledging full support from his government to the families of flood victims.

Xinhua


This photo shows a view of the flood-hit area in Valencia, Spain, Oct. 30, 2024.

# Over 700,000 coconuts shipped from Mawlamyinegyun Township to Yangon



Piles of coconuts for sale.

**Mawlamyinegyun October 31**

Up to 770,000 coconuts from Mawlamyinegyun Township, Ayeyawady Region were sold to the Yangon market in September, said Daw San Htay, a coconut merchant from Mawlamyinegyun Township's.

Only 520,000 coconuts were sold from Mawlamyinegyun Township to the Yangon market in May. It is reported that the price of the coconuts is 65,000 kyats for 100 coconuts.

"Agricultural products and farm produces from Mawlamyinegyun Township are being transported to Yangon market. Locally produced coconuts attracted the buyers from the Yangon market. It is known that the demand is good in the local market. The current coconut price is a price that is convenient for growers," she said.

Coconuts produced from Mawlamyinegyun Township are shipped and sold by trucks and ships. Due to the good price of these local coconuts and the good demand, the lives of coconut farming farmers, cargo workers, fair operators, and those who rent trucks are comfortable. KKL

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 170,000 acres of monsoon paddy planted in Dedaye Township this monsoon

**Dedaye October 31**

A total of 174,930 acres of monsoon paddy has been planted in Bogale Township of Ayeyawady Region meeting the target cultivation this monsoon, said U Zaw Min Tun, Head of Dedaye Township Agriculture Department.

Local farmers started cultivation of monsoon paddy on 174,930 acres of farmlands in the first week of June. So far, they have completed monsoon paddy on all sown acreage. In this regard, local farmers cooperated with officials of Agriculture Department in growing monsoon paddy, counting for a cent per cent.

U Zaw Min Tun emphasized: "Our department helped local farmers make preparations for cultivation of monsoon paddy this monsoon for them to overcome difficulties in cultivation. Moreover, we train them to make natural fertilizers to cut the cost of using fertilizers. So, they completed cultivation of monsoon paddy in all sown acreage."

This monsoon, local farmers used Emahta, Pawsan Ayeyamin, Pakhan, Shwethweyin, GW11-GW-1 and other paddy strains in growing monsoon paddy this year. These paddy strains are aligned with the soil and grasp firm market shares. Efforts are being made to produce more than 100 baskets of paddy per acre.

Kyaw Kyaw Lin



Farmers planting paddy.

# Bogale Township sells 720,000 bags of 90 day matured rice to Yangon market in September

**Bogale October 31**

Local businesspersons and farmers from Bogale Township in Ayeyawady Region sent 720,000 bags of 90-day matured rice to Yangon market in September, said Daw Wai Moe, the owner of rice and paddy trading in Bogale Township.

They supplied 450,000 bags of same rice to Yangon market in August, compared to 720,000 bags in September.

Daw Wai Moe disclosed: "Local businesspersons sell larger bags of rice to Yangon market than August. Despite sending bags of rice to Yangon market, price of rice is stable. Yangon market relies on Bogale Township to purchase 90-day matured rice."

At present, 90-day matured rice fetches K110,000 per bag in Yangon market. So, local people who comprise in the production chain of rice are convenient in earning incomes for their livelihoods.

Kyaw Kyaw Lin



Rice being put into bags at a warehouse.

# More than 9,000 acres of green gram harvested in Shwebo Township

**Shwebo October 31**

Local farmers have harvested 9,700 acres of green gram planted in monsoon this year in Shwebo Township of Sagaing Region, according to the statistics of Shwebo Township Agriculture Department.

Local farmers started reaping of green gram in August this year. So far, they produce 17.47 baskets of green gram per acre, and they have completed harvest of 9,700 acres.

U Hsan Oo, Head of Shwebo Township Agriculture Department unveiled: "Local authorities earmarked 11,850 acres of green gram in monsoon this year but local farmers planted 9,700 acres against the target. Now, they have harvested all sown acreage of green gram, obtaining the high yield. We have plans to educate local farmers to expand sown acreage of bean and use quality strains of crops for boosting per-acre yield of crops."

This year, officials of Township Agriculture Department shared knowledge of using agricultural techniques, quality strains of corps, prevention of pests and systematic broadcasting of fertilizer with local farmers.

Moreover, staff members of the department helped local farmers select quality strains of crops, use agricultural inputs and apply post-harvest technology. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်(တိုင်ပေ)က တိုက်ခိုက်ရေးဒရုန်းအစင်း ၁၀၀၀ ခန့် ဝယ်ယူရေးအတွက် အမေရိကန်နှင့်သဘောတူညီမှုရရှိ



တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနသည် တိုက်ခိုက်ရေးဒရုန်းအစင်းရေ ၁၀၀၀ ခန့်ဝယ်ယူရေး အမေရိကန်အစိုးရနှင့် မကြာသေးမီကတရားဝင်သဘောတူညီမှုရရှိခဲ့ကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါသဘောတူညီမှုသည် တရုတ်နိုင်ငံ၏ အလားအလာရှိသော စစ်ရေးခြိမ်းခြောက်မှုအပေါ် စိုးရိမ်မှုများမြင့်တက်နေချိန်၌ တရုတ်(တိုင်ပေ)၏ကာကွယ်ရေးမဟာဗျူဟာတွင် အရေးပါသောခြေလှမ်းတစ်ရပ်အဖြစ် သတ်မှတ်နိုင်သည်။ စက်တင်ဘာလကုန်တွင် ကမ်းလှမ်းအကြောင်းကြားစာနှင့် လက်ခံသဘောတူညီမှုစာရွက်စာတမ်းကိုလက်မှတ်ရေးထိုးခဲ့ခြင်းဖြင့် ဤသဘောတူညီချက်ကိုခိုင်မာစေခဲ့ကြောင်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် Bloomberg သတင်းဌာနက ထပ်မံဖော်ပြခဲ့သည်။ ဝယ်ယူရေးသဘောတူစာချုပ်နှင့်ပတ်သက်၍ အရေအတွက်ပမာဏ၊ ဘဏ္ဍာရေးစီမံချိန်စီညွှန်းသတ်မှတ်ချက်များနှင့် ပေးပို့လွှဲပြောင်းမှုအချိန်ကာလ စသည်တို့ပါဝင်သော နောက်ဆုံးအပြီးသတ်စာချုပ်များ ဆက်လက်ချုပ်ဆိုသွားရန် ကျန်ရှိနေသေးသည်။

အပြီးသတ်စာချုပ်များကို လက်မှတ်မထိုးရသေးသော်လည်း လာမည့်ရက်သတ္တပတ်များအတွင်း တရားဝင်အတည်ပြုနိုင်ရန် မျှော်လင့်ထားကြောင်း အရောင်းအဝယ်၏ သဘောသဘာဝကြောင့် အမည်မဖော်လိုသော စစ်ဘက်လုပ်ငန်းဆိုင်ရာ သတင်းရင်းမြစ်များထံမှ သိရသည်။ တရုတ်(တိုင်ပေ)သို့ စစ်လက်နက်ပစ္စည်းများ ဆက်လက်ရောင်းချမှုနှင့်ပတ်သက်၍ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက မည်သည့်မှတ်ချက်မျှ မပေးခဲ့ကြောင်း သိရသည်။

တိုက်ခိုက်ရေး ဒရုန်းများသည် ခေတ်သစ်စစ်ပွဲတွင် ဗဟိုချက်ဖြစ်လာသည်။ ယူကရိန်းတွင် ရုရှားနှင့် ယူကရိန်းတပ်ဖွဲ့များသည် ကင်းထောက်ခြင်းနှင့် တိုက်ခိုက်မှုများအတွက် ဒရုန်းများအသုံးပြုမှုကို အရှိန်မြှင့်တင် အသုံးပြုလျက်ရှိကြပြီး တိုက်ခိုက်ရေးအခြေအနေများတွင် ၎င်းတို့၏ ထိရောက်မှုကိုမီးမောင်းထိုးပြလျက်ရှိသည်။ ဧပြီလက အစ္စရေးနိုင်ငံကို အီရန်ကတိုက်ခိုက်ရာတွင်လည်း အဆိုပါတိုက်ခိုက်ရေးဒရုန်းများ အသုံးပြုခဲ့ခြင်းကိုကြည့်ခြင်းအားဖြင့် ခေတ်ပြိုင်စစ်ဆင်ရေးများတွင် အရေးပါသောအစိတ်အပိုင်းများအဖြစ် အားဖြည့်ပေးနိုင်ခဲ့သည်။

ဇွန်လတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် တရုတ်(တိုင်ပေ) အာဏာပိုင်များကို အဆင့်မြင့်ဒရုန်းများရောင်းချပေးရန် ဝန်ကြီးဌာနကခွင့်ပြုချက်ကို ကွန်ဂရက်သို့ ဆက်လက်အကြောင်းကြားခဲ့သည်။ ခန့်မှန်းခြေတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၃၀၀ တန်ဖိုးရှိ AndurilAltius 600M-V စနစ် ၂၉၁ စုံနှင့် AeroVironment Switchblade 300 ဒရုန်းအစင်း ၇၂၀ ကျော် မှာ ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၆၀ ဖြစ်သည်။

Anduril ကုမ္ပဏီထုတ် Altius 600M-V သည် ထိန်းချုပ်မှုစနစ်တစ်ခုတည်းဖြင့် ရည်မှန်းချက်တာဝန်အမျိုးမျိုး ထမ်းဆောင်နိုင်သော တိုက်ခိုက်ရေးဒရုန်းအမျိုးအစားဖြစ်သည်။ ၎င်းကို Loitering Munition ဟူ၍လည်း ခေါ်ဝေါ်လေ့ရှိကြပြီး ကင်းထောက်နှင့် တိုက်ခိုက်ရေးတာဝန်နှစ်ရပ်စလုံး ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ရှိ တရုတ်(တိုင်ပေ)ရုံးနှင့် အမေရိကန်-တရုတ်(တိုင်ပေ) စီးပွားရေးကောင်စီတို့ကလည်း ဝယ်ယူရေးဆောင်ရွက်မှုအပေါ် မှတ်ချက်မပေးသော်လည်း ဒေသတွင်းတင်းမာမှုများ တိုးလာနေချိန်တွင် တရုတ်(တိုင်ပေ)အတွက် ကာကွယ်ရေးကို ဆက်လက်မြှင့်တင်ရန် အမေရိကန်နိုင်ငံ၏ ကတိကဝတ်များနှင့်အညီ ဆောင်ရွက်နေခြင်းဟု Army Recognition သတင်းဌာနက သုံးသပ်ရေးသားထားသည်။ တရုတ်(တိုင်ပေ)နှင့် အမေရိကန်ကြား မကြာသေးမီက သဘောတူညီချက်များသည် ခေတ်သစ်စစ်ပွဲ၏အခင်းအကျင်း လျင်မြန်စွာပြောင်းလဲလာသည်နှင့်အမျှ တိုက်ခိုက်ရေးဒရုန်းများ၏ မဟာဗျူဟာမြောက် အရေးပါမှုကို မီးမောင်းထိုးပြပြီး ပထဝီနိုင်ငံရေးအချက်များက ကာကွယ်ရေးပစ္စည်းများ ဝယ်ယူရေးဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးထားဆဲဖြစ်သည်။

**Taiwan Secures US Deal for 1,000 Attack Drones Amid Rising PLA Drills** ကို ဘာသာပြန် ဆိုထားပါသည်။

## တရုတ်နိုင်ငံ Zhuhai Air Show 2024 ပြပွဲတွင် တရုတ်ထုတ်နှင့်ရုရှားထုတ် တိုက်လေယာဉ်သစ်များအဓိကနေရာမှ ပါဝင်လာနိုင်

တရုတ်နိုင်ငံတွင် နိုဝင်ဘာ ၁၂ ရက်မှ ၁၇ ရက်ထိ ကျင်းပမည့် Zhuhai Air Show 2024 လေကြောင်းပြပွဲ၌ နာမည်ကြီးစာရင်းတွင် ထင်ရှားသည့် တိုက်လေယာဉ်သစ်များဖြစ်သော တရုတ်ထုတ် J-20၊ J-35A နှင့် ရုရှားထုတ် Su-57 နှင့် Su-57E တို့ အဓိကပါဝင်လာနိုင်ဖွယ်ရှိကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Su-57E ပြည်ပတင်ပို့ရောင်းချမည့်ဗားရှင်းကို စစ်ဆင်ရေးသုံးဗားရှင်းအစားစကေးကိုက် ပုံစံတူကိုသာ ထုတ်ဖော်ပြသလာနိုင်ဖွယ်ရှိသော်လည်း တရုတ်ထုတ်နှင့်ရုရှားထုတ် တိုက်လေယာဉ်သစ်များသည် လေယာဉ်ပျံသန်းသရုပ်ပြသမှုများတွင် ပါဝင်လာနိုင်ဖွယ်ရှိနေသည်။

ထို့ပြင် တရုတ်နိုင်ငံ AVIC (Aviation Industry Corporation of China) ကုမ္ပဏီသည် လေကြောင်းသုံးဟိုက်ဘရစ်လျှပ်စစ်တွန်းအားပေးစနစ်များအတွက် မောင်းသူမဲ့ပလက်ဖောင်းတစ်ခုဖြစ်သည့် H135 မောင်းသူမဲ့ရဟတ်ယာဉ်ကို မိတ်ဆက်ပြသမည်လည်းဖြစ်သည်။ Beijing Jing Hang Power Science & Technology Co., Ltd. သည် Pilatus PC-12 သယ်ယူပို့ဆောင်ရေး ကုန်တင်လေယာဉ်ကိုပြသမည်ဖြစ်ပြီး HuayiXiangfei Aviation Technology (Beijing) Co., Ltd. သည် Latou-24 ကုန်တင်လေယာဉ်ကို ပြသရန်စီစဉ်ထားသည်။ အဆိုပါလေယာဉ်များအားလုံးသည် လောင်စာဆီသုံးအင်ဂျင်နှင့် လျှပ်စစ်တွန်းအားပေးစနစ်တို့ပေါင်းစပ်အသုံးပြုထားသော ခေတ်သစ်ဟိုက်ဘရစ် လေကြောင်းပါဝါပေးစနစ်သစ်၏ မောင်းသူပါနှင့်မောင်းသူမဲ့ တိုးတက်ဖွံ့ဖြိုးမှုများပင်ဖြစ်သည်။

ပြပွဲတွင် ကုမ္ပဏီများအနေဖြင့် စနစ်အမျိုးမျိုးနှင့်အတူ မောင်းသူမဲ့လေယာဉ် (UAV) အများအပြားကိုလည်း ပြသသွားမည်ဖြစ်သည်။

အဆိုပါ နိုင်ငံတကာ ပူးပေါင်းပါဝင်မှုတွင် ရုရှားနိုင်ငံ Rosoboronexport (JSC) နှင့် Russian Helicopters ကုမ္ပဏီတို့ ပြသသွားမည်ဖြစ်ပြီး ရုရှားနိုင်ငံကုမ္ပဏီများသည် Su-57/Su-57E တိုက်လေယာဉ်များ၊ Su-35 နှင့် Su-30 ကဲ့သို့သော တိုက်လေယာဉ်များ ပါဝင်ပြသသွားမည်ဖြစ်သည်။ ရုရှားRussian Helicopters ကုမ္ပဏီသည် Ka-32 ရဟတ်ယာဉ်များ၊ Il-76 သယ်ယူပို့ဆောင်ရေးလေယာဉ်ကဲ့သို့သော နောက်ထပ်မော်ဒယ်သစ်များဖြင့် ပြပွဲကို အားဖြည့်ပေးမည်ဖြစ်သည်။



ခြုံငုံကြည့်မည်ဆိုလျှင် Zhuhai Air Show 2024 လေကြောင်းပြပွဲသည် တရုတ်နိုင်ငံ၏ လေကြောင်းပျံသန်းမှုတွင် နောက်ဆုံးပေါ် တိုးတက်မှုများစွာကို ပြသထားသည့် အရေးပါသောပွဲတစ်ခုပင်ဖြစ်သည်။ ၎င်းသည် လေယာဉ်အသစ်များ၊ မောင်းသူမဲ့စနစ်များနှင့်နည်းပညာအသစ်အဆန်းများကို အာရုံစိုက်ထားခြင်းဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နှင့် နိုင်ငံကာကွယ်ရေးစက်မှုလုပ်ငန်းနှစ်ခုလုံး၏ ကြီးထွားလာနေသော စွမ်းဆောင်ရည်များကိုဖော်ညွှန်းပြသလိုခြင်းလည်းဖြစ်သည်။ J-35 တိုက်လေယာဉ်၏ အလားအလာရှိသော ပွဲထုတ်မှုသည် ပြုပြင်မွမ်းမံထားသော သယ်ယူပို့ဆောင်ရေးလေယာဉ်များနှင့် ဒရုန်းများကဲ့သို့ အခြားသောထုတ်ဖော်ပြသမှုများနှင့်အတူ တရုတ်နိုင်ငံ၏ တိုးတက်ပြောင်းလဲနေသော စစ်ဘက်လေကြောင်းနည်းပညာကိုထိုးထွင်းသိမြင်နိုင်စေမည်ဖြစ်သည်။

**China's new J-35A and Russian Su-57 stealth fighters could take center stage at Zhuhai Air Show 2024** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ထိုင်းဘေးကျားစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ညောင်တုန်း အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ထိုင်းဘေးကျားစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ထိုင်းဘေးကျားစပါး တင်းရေ ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ထိုင်းဘေးကျားစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ထိုင်းဘေးကျားစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားစပါးက ဆန်အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစား ဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ ပြည်တွင်း ဆန်၊ စပါးဈေးကွက်မှာကို စပါးက အဝယ်လိုက်နေတာပါ"ဟု ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၈၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ထိုင်းဘေးကျားစပါးသည် အရည်အသွေးကောင်းမွန်သည့် စပါးဖြစ်ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၇၂၄၃ ဧက နုတ်သိမ်းပြီးစီး

**ကျွန်းလှ အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၇၂၄၃ ဧက နုတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၂၄၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၃ ဒသမ ၅၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ဆီထွက်သီးနှံ မြေပဲ ၇၂၄၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ အခုလက်ရှိ ဧကအားလုံးနုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။



ကျွန်းလှမြို့နယ်တွင် မြေပဲ စိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျကြောင်း၊ မြေပဲတစ်ဧကစိုက်ပျိုးပါက တင်း ၄၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# နမ့်စန်မြို့နယ် လွယ်ဆိုင်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**နမ့်စန် အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် လွယ်ဆိုင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးနှင့် တာဝန်ခံ အင်ဂျင်နီယာများက လွယ်ဆိုင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ကုန်ထုတ်တံတား တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီတာဝန်ရှိသူများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နမ့်စန်မြို့နယ် လွယ်ဆိုင်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် အရှည် သုံးမိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေသားတင်သဲဖြန့်ခင်းခြင်းလုပ်ငန်းနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်တွင် အလျား ၂၂ ပေ၊ အနံ ငါးပေ၊ အမြင့် ငါးပေရှိ Slub Culvert နှစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၀၃ ဒသမ ၇၆၅ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများက ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သံသာ**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၃၁-၁၀-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၇၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၇) သင်တန်းဆင်းပွဲနှင့်အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသများရှိတိုင်းရင်းသားလူငယ်များအား နယ်စပ်ဒေသများ၌လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)တို့ကို တည်ထောင်ဖွင့်လှစ်ပြုစုပျိုးထောင် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိဝိဇ္ဇာဘွဲ့ ဦးရေ ၅၆၀၊ သိပ္ပံဘွဲ့ ၉၈၁ ဦး၊ B.TECH ၁၃၉ ဦး၊ A.G.T.I ဒီပလိုမာ ၇၆၅ ဦး စုစုပေါင်းတိုင်းရင်းသားလူငယ် ၂၄၄၅ဦးတို့ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မဟာဝိဇ္ဇာဘွဲ့ ၁၁၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၁၆ ဦး၊ ပါရဂူဘွဲ့ ၃၂ ဦး၊ B.TECH ၃၄၆ ဦး၊ B.E ၆၂၅ ဦး၊ M.E ၃၄ ဦးအသီးသီး အောင်မြင်မှုရရှိခဲ့သည့်အပြင် ဘာသာရပ်အလိုက် ဆက်လက်ကြိုးစားသင်ယူဆဲ ကျောင်းသား၊ ကျောင်းသူများရှိကြောင်း။

ပညာခေတ်ကြီးတွင် ကြီးပြင်းခဲ့ကြသူများဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများကို အဆင့်မြင့်မြင့်တတ်မြောက်အောင် ဆက်လက်ကြိုးစားလေ့လာသွားကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လူငယ်များ၏ အဓိကစွမ်းအားစုအဖြစ် ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်စေရေးနှင့် ဗလငါးတန်နှင့်ပြည့်စုံစေရေးစသည့် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ၌ ပါဝင်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ကြသည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအတိုင်း ကျင့်ဝတ်စည်းကမ်းတန်ဖိုးများကို သိရှိလိုက်နာပြီး လုပ်ငန်းစွမ်းဆောင်ရည်အပြည့်ဖြင့် မြင့်မားသောစိတ်ဓာတ်၊ မှန်ကန်သောခံယူချက်၊ မြင့်မြတ်သောအကျင့်စာရိတ္တကောင်းများကိုလက်ကိုင်ပြု၍ အဂတိတရားကင်းရှင်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ကြိုးစားထမ်းဆောင်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ်ထူးချွန်ဆုရရှိသူ နှစ်ဦးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က A.G.T.I ဒီပလိုမာထူးချွန်ဆုရရှိသူ တစ်ဦးကိုလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များက အလုပ်တာဝန်ခန့်အပ်လွှာများပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းဝင်းအတွင်းရှိ အားကစားကွင်းနှင့်ပွဲကြည့်စင်၊ ဆောက်လုပ်ဆဲ လေးထပ်အင်ဂျင်နီယာအလုပ်ရုံ၊ အိပ်ဆောင်များ၊ သက်သာချောင်ချိရေးအတွက်ဆောင်ရွက်ထားရှိသည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် သာယာလှပရေးဆောင်ရွက်ထားရှိမှုအခြေအနေများကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် သင်တန်းဆင်းကျောင်းသားကျောင်းသူများကိုဘွဲ့နှင်းသဘင်ခန်းမ၌ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တီထွင်မှုမူပိုင်ခွင့် တရားဝင်စတင်လက်ခံခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

တီထွင်မှုမူပိုင်ခွင့် တရားဝင်စတင်လက်ခံခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယနေ့ခေတ်သည် နည်းပညာများနှင့်ယှဉ်ပြိုင်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လာမှုနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်စီးပွားရေးစနစ် (Global Market)ကိုကျင့်သုံးလာမှုကြောင့် မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များသည် ကဏ္ဍအသီးသီးတွင် ပိုမိုအရေးပါလာကြောင်း၊ မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် ဆန်းသစ်တီထွင်မှုနှင့်ယှဉ်ပြိုင်နိုင်စွမ်းမြင့်မား၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့ကောင်းတစ်ခုဖြစ်စေမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ်တည်ထောင်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မူပိုင်ခွင့်ဥပဒေ ၄ရပ်အနက်ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့်စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေများသည်၂၀၂၃ ခုနှစ်တွင် အာဏာတည်ခဲ့ပြီး အဆိုပါဥပဒေများအတွက် မူပိုင်ခွင့်လျှောက်ထားခြင်းများကို လက်ခံဆောင်ရွက်လျက်ရှိကြောင်း၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေသည် ၂၀၂၄ ခုနှစ် မေ ၃၁ ရက်တွင် အာဏာတည်ခဲ့ပြီး ယနေ့တွင် တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ တီထွင်မှုလျှောက်ထားချက်များကို တရားဝင်စတင်လက်ခံပြီဖြစ်ရာ မူပိုင်ခွင့်ဥပဒေလေးခုလုံးကို ပြည့်ဝစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊တီထွင်မှုများကို အကာအကွယ်ပေးလာနိုင်ခြင်းအားဖြင့်နည်းပညာလွှဲပြောင်းရေးကိုမြှင့်တင်နိုင်ခြင်း၊ တီထွင်ဆန်းသစ်မှုများ တိုးမြှင့်နိုင်ခြင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်း၊ ဝင်ငွေရရှိမှုတိုးတက်နိုင်ခြင်း၊ နိုင်ငံတော်၏ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးများကိုရရှိစေမည်ဖြစ်သည့်အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက တီထွင်မှုမူပိုင်ခွင့်ဥပဒေကို အာဏာသက်ဝင်ခြင်းနှင့် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းခြင်းများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဝင်များက in person တက်ရောက်ကြပြီး မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် သက်ဆိုင်ရာအသင်းများမှ တာဝန်ရှိသူများ၊ နည်းပညာနှင့်တီထွင်ဆန်းသစ်မှုအထောက်အကူပြုစင်တာများမှ ကိုယ်စားလှယ်များနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်များမှ အရာထမ်းကိုယ်စားလှယ်များက Virtual စနစ်ဖြင့်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာအကောင်အထည်ဖော်ရေးဗဟိုကော်မတီက စိစစ်အတည်ပြုပြီးသူများကို လူတွေ့မေးမြန်းအကဲဖြတ်ပြီး တည်ဆဲဥပဒေများနှင့်အညီနေထိုင်ရေး ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဆွေးနွေးမှာကြား





နေပြည်တော် အောက်တိုဘာ ၃၁

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများနှင့် ပတ်သက်၍ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီက စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်းကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် (Permanent Residence System-PR System) ကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအခြေအနေများနှင့် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်မှု၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (PR)ကို နည်းဥပဒေထုတ်ပြန်ပြဋ္ဌာန်း၍ အမျိုးအစား လေးမျိုး သတ်မှတ်ခွင့်ပြုဆောင်ရွက်ပေးနေမှု၊စတင်ဆောင်ရွက်ချိန်မှ လက်ရှိအခြေအနေအထိ မိသားစုအပါအဝင်လျှောက်ထားသူစုစုပေါင်း ဦးရေ ၈၁၀ ရှိပြီး မိသားစုအပါအဝင် ၆၉၉ ဦး အား စိစစ်အတည်ပြုခွင့်ပြုပေးမှုအခြေအနေ၊ ကိုဗစ်-၁၉ရောဂါဖြစ်ပွားချိန်မှစ၍ အကြောင်းအမျိုးမျိုးကြောင့် လူတွေ့မေးမြန်းအကဲဖြတ်ရန်ကျန်ရှိနေသူများနှင့် ပြီးခဲ့သည့် ဗဟိုကော်မတီအစည်းအဝေးမှ စိစစ်ခွင့်ပြုသူများအနက် ယခုလူတွေ့မေးမြန်းအကဲဖြတ်ဆောင်ရွက်မည့်သူ မိသားစုမပါစုစုပေါင်း ၃၃ ဦးအား PR နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်မေးမြန်းအကဲဖြတ်ပေးနိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသူများအား လူတွေ့မေးမြန်းအကဲဖြတ်ဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ဗဟိုကော်မတီဝင်များသည် ဗဟိုကော်မတီကစိစစ်အတည်ပြုပြီးသည့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသူများကို တစ်ဦးချင်းတွေ့ဆုံကာ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များမှ သိရှိလိုသည်များ၊ ပြဋ္ဌာန်းထားသည့် PR နည်းဥပဒေအပေါ် သိရှိနားလည်လိုက်နာဆောင်ရွက်ရေးနှင့် တည်ဆဲဥပဒေများနှင့်အညီနေထိုင်နိုင်ရေး အခြေအနေများကို မေးမြန်းဆွေးနွေးကြပြီး အကဲဖြတ်အတည်ပြုဆုံးဖြတ်ကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်(PR SYSTEM)ဖြင့် ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံလိုသည့် စီးပွားရေးလုပ်ငန်းရှင်၊အခြားနိုင်ငံသားခံယူထားသည့် မြန်မာနိုင်ငံသားဟောင်း၊ မြန်မာနိုင်ငံသားနှင့်သွေးချင်းစပ်ဆက်သူနိုင်ငံခြားသားဟူ၍ အမျိုးအစား လေးမျိုးသတ်မှတ်ခွင့်ပြုပေးလျက်ရှိရာ ယခုအစည်းအဝေးတွင် ယခင်ကျန်ရှိသူမိသားစုမပါ ၃၃ ဦးနှင့် ပြီးခဲ့သည့် အစည်းအဝေးမှမိသားစုမပါ ၃၇ ဦး စုစုပေါင်း ဦးရေ ၇၀အနက် လူတွေ့စစ်ဆေးခြင်းခံယူရန်အကြောင်းပြန်ကြားသူမိသားစုမပါ ၃၃ ဦးအား လူတွေ့မေးမြန်းအကဲဖြတ်ဆောင်ရွက်ခဲ့ကြပြီး အတည်ပြုပြီးပါက အထက်အဆင့်ဆင့်သို့တင်ပြကာ အတည်ပြုခွင့်ပြုသူများကို နေထိုင်ခွင့်လက်မှတ်နှင့်ကတ်ပြားများထုတ်ပေးနိုင်ရေးအတွက် ဌာန၏လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်တွင်းပြည်ပခရီးသွားများကိုဆွဲဆောင်နိုင်သည့် ပွဲတော်ပြက္ခဒိန်များနှစ်စဉ်ထုတ်ဝေနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၁

ခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရှိ ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် မိမိတို့နယ်မြေအတွင်းပြည်တွင်း၊ ပြည်ပခရီးသွားများအတွက်ဆွဲဆောင်မှုရှိပြီး သွားလာလည်ပတ်သင့်သော ခရီးစဉ်ဒေသလမ်းကြောင်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေးနှင့် ခရီးသွားလုပ်ငန်း အခြေခံအဆောက်အအုံကဏ္ဍတွင် ဦးစားပေးရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာစေရေးအတွက် ရင်းနှီးမြှုပ်နှံသူများနှင့်အများပြည်သူများကို ရှင်းလင်းချပြဆွေးနွေးနိုင်သည့်Tourism Investment Forum များ ပြုလုပ်ရန်လိုအပ်ကြောင်း၊ ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့်ပွဲတော်ပြက္ခဒိန် (Event Calendar) များကို နှစ်စဉ်ထုတ်ဝေနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အစည်းအဝေးသို့တက်ရောက်လာကြသော ကော်မတီဝင်များအနေဖြင့် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းများပိုမိုတိုးတက် ကောင်းမွန်လာစေရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ်ဆောင်ရွက်ပြီးစီးမှုများနှင့်ကော်မတီကဆုံးဖြတ်ပေးရမည့် အမှာစာများကို ဖတ်ကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီဝင်နေပြည်တော်ကောင်စီနှင့်တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်များက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ လုပ်ငန်းလိုင်စင်များထုတ်ပေးထားရှိမှုနှင့် ခရီးသွားဧည့်သည်ဝင်ရောက်မှု၊ ခရီးစဉ်ဒေသအသစ်များနှင့် ခရီးသွားဆွဲဆောင်ရာနေရာများ ဖော်ထုတ်ဆောင်ရွက်မှု၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုသက်ဆိုင်ရာ ကဏ္ဍအလိုက်ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရေး၊ခရီးသွားဈေးကွက်မြှင့်တင်ရေး၊ဟိုတယ်နှင့်ခရီးသွားကဏ္ဍလူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများအားလုံး နိုဝင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်မည်**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် Polytechnic University များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများအားလုံးကို နိုဝင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို နိုဝင်ဘာ ၁၄ ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေး



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera ကို လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် အောက်တိုဘာ ၃၁

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera ကို ယနေ့နံနက် ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ICRC ဒုတိယဌာနေကိုယ်စားလှယ် Mr. Jan Miskoc တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်

နေပြည်တော် အောက်တိုဘာ ၃၁

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ပြည်ပြမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီး၌လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

ရေဝေရေလဲသစ်တောများကို ထိန်းသိမ်းရန်ရည်ရွယ်၍ ရေထွက်ကျောက်ခေါင်း (လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေကို သတ်မှတ်ခြင်းဖြစ်သည်။

ရေထွက်ကျောက်ခေါင်း (လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေသည် ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၃၇၀၀ ကျော်တွင် တည်ရှိနေကာ မြေပြန့်လွင်ပြင်နည်းပါး၍ တောင်ကုန်း၊ တောင်စွယ်များ၏ သဘာဝအလှများဖြင့် တင့်တယ်လှသည်။ ရေထွက်ဂူတည်ရှိရာ ထုံးကျောက်လိုဏ်ဂူတောင်တန်းသည် အနောက်မှ အရှေ့သို့သွယ်တန်းနေပြီး အရှေ့မှတောင်ဘက်စူးစူးသို့ ငါးများချိတ်သဏ္ဌာန်တည်ရှိနေသည်။ ထုံးကျောက်တောင်၏ ဝန်းကျင်ရှိ ဧက ၂၀ ခန့်ကျယ်ဝန်းသည့် ဒေသအခေါ် နဂါးအင်းကောရေဝပ်ဇရိယာသည် ဖွန်လမှ အောက်တိုဘာလအထိ ငါးလတာကာလအတွင်း ပြာလွဲ့လွဲ့ရေပြင်ဖုံးလွှမ်းနေပြီး အင်းရေကျချိန်တွင် ဒေသခံတောင်သူများ စိုက်ပျိုးသည့် ကိုင်းသီးနှံခင်းများ၏ စိမ်းလဲ့လဲ့အရောင်သို့ ပြောင်းလဲတွေ့မြင်ရသည်။



ရေထွက်ကျောက်ခေါင်းတွင်ဂူ နှစ်ခုကို တွေ့ရှိရပြီး ဂူအမှတ်(၁)၏ အဝင်ဂူမျက်နှာဝသည် ၃၆ ပေ ကျယ်ဝန်းပြီး ၄၈ ပေအမြင့်ရှိကာ ရေလုပ်၍ဝင်ရောက်ပါက အတွင်းသို့ ပေ၂၆၅၀ ထိသာ ဝင်ရောက်နိုင်စွမ်းရှိကြောင်း သိရသည်။ ဂူအမှတ်(၂)၏ အဝင်ဂူမျက်နှာဝအကျယ်သည် ၃၅ ပေကျယ်ဝန်းပြီး ၁၀ ပေအမြင့်ရှိကာ အတွင်းပိုင်းသို့ ပေ ၂၀၀ ခန့်ထိသာ ဝင်ရောက်နိုင်ကြောင်း သိရသည်။ ဂူ၏အရှေ့ဘက်တွင်လည်း တောင်ပေါ်မြက်ခင်းတောကိုလည်း တွေ့မြင်ရနိုင်သည်။ ယမနေ၊ ထောက်ကြံ့၊ သင်းဝင်ဖို၊ သပြေကြီး၊ သံသော၊ ဖောင်းပလွေး၊ သတ်အပါအဝင် ဒေသသစ်မျိုး ၄၇ မျိုး၊ တပင်တိုင်မြနန်း၊ တပင်ရွှေထီး၊ ဥပတကာနွယ်၊ ဆင်တုံးမနွယ် စသည့် ပရဆေးပင် ခုနစ်မျိုး၊ ဝါးပိုးဝါး၊ မျှင်ဝါးနှင့် သိုက်ဝါး စသည့်ဝါး သုံးမျိုးပေါက်ရောက်လျက်ရှိသည့် အထက်ပျပ်ရောနှောတောနှင့် တောင်ပေါ်အမြဲစိမ်းတောတို့ကို တွေ့ရှိရသည်။

ရေထွက်ကျောက်ခေါင်း (လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ သတ်မှတ်ခြင်းအားဖြင့် ယင်းဒေသတွင် ကျက်စားနေထိုင်သည့် ချေ၊ ကြောင်မြင်း၊ ကြောင်ဝံပိုက်၊ ကြောင်နံ့သာ၊ မျောက်လေပွေ၊ ခွေးတူဝက်တူ၊ ခွေးအ၊ ဖျံခြေသည်းငယ်၊ ဖြူမြီးဖွာ၊ ဝါးဘိုးကြွက်နှင့် လင်းနို့မျိုးစိတ်များအပါအဝင် နို့တိုက်သတ္တဝါမျိုးစိတ် ၂၄ မျိုး၊ ဒေါင်းစိမ်း၊ ငှ ဖိုးခေါင်ငှက်၊ ကြက်တူရွေး၊ ဗွတ်ကလုံ၊ အောက်ချင်းငှက်၊ ဝါးယောင်းငှက်၊ လင်းယုန်ချိုး၊ ချိုးသိန်း၊ ငှက်ရွှေဝါ၊ ရစ်ငှက် စသည့် ငှက်မျိုးစိတ် ၄၆ မျိုးအပြင် ဆောင်းခိုငှက်များ၊ လိပ်ဝါနှင့် အထူးသဖြင့် မြန်မာ့ဒေသရင်းမျိုးစိတ်ဖြစ်သည့် လင်းဝေးဒေသ၏ ထုံးကျောက်တောင် တောက်တဲ့ (Cyrtodacty lusLinnwayensis) မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ သိပ္ပံပညာရပ်များအတွက် တန်ဖိုးမဖြတ်နိုင်သည့် သုတေသနအခွင့်လမ်းများစွာကို ထောက်ပံ့ပေးနိုင်ခြင်း၊ ရေထွက်ထုံးကျောက်ဂူများ၏ ဂေဟာစနစ်များနှင့် ထူးခြားသည့်သဘာဝအနေအထားများကို အခြေပြု၍ သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ခြင်း၊ နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နိုင်ခြင်းဖြင့် ဒေသခံတိုင်းရင်းများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြစ်ကြီးနားမြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၃၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က ဆုတောင်းပြည့်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြော ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသ ပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကံပြောင်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၃၅ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အရှေ့ကျောင်းတိုက်ဘုန်းတော်ကြီးကျောင်း၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၃၁-၁၀-၂၀၂၄)

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ (မိုး/ဇလ)

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




အဆင့်မြင့်ပညာ(အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝေယံဂျက် "ရှစ်စုံရွက်ကြာ"(ပတ်ပျိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ခြူးရတနာစိမ့် "ရေယမုန်" (ပတ်ပျိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၅-၂၀) (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မခင်လင်းလဲ့သူ "အောင်မင်္ဂလာ" (ယိုးဒယား) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာ(အမျိုးသား) ပလွေပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်စောငြိမ်းဇော်မင်း"ကျွန်းကျွန်းပိုင်သ" (ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၅-၂၀)(အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မနေနီနီနိုင် "ရွှေမင်းဂံ" (ကာလပေါ်) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၅-၂၀)(အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ မောင်ကောင်းချစ်ပိုင်စိုး "သည်ဆောင်းဟေမန်"(ဘွဲ့) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ်မှ မနှင်းနှင်းဝေ "သီတာရတနာ" (ကာလပေါ်) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ
# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်သျှားထက်ဇော်(ခ) မောင်မင်းခေတ် "ညင်းညင်း" (မွန်) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



မဟာဂီတ အခြေခံပညာ(၁၅-၂၀) (အမျိုးသား)အဆိုပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်ပြည့်ဖြိုးအောင် "ဆီးနှင်းပြိုက်ကျ" (ကြိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၅-၂၀) (အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မဝင့်ဝါဖူးပွင့်အောင် "မှန်ရဝေ" (ပတ်ပျိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်မှ မနန်းသူဇာ "ပန်းဟေဝန်" (ယိုးဒယား) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာ(အမျိုးသား) နှဲပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဇော် "မှိုင်းရိပ်ကယ်တည့်" (ကြိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာ(အမျိုးသား) ဂီတာအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ဘိုဘို(၁) "မြမန်းဂီရိ" (ယိုးဒယား) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မနန္ဒာအေး "ဗမ္ဘူကျွန်းလုံး" (သီချင်းခံ) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်

**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ညှိနှိုင်းခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ် ၂၀၄ သိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တိုင်းမှူးကလက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(မြဝ)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကို တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်ထံ ဂုဏ်ပြုပေးအပ်စဉ်။



☆ **တရားမဝင်မှ**

အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ဖ၈၈၁၃၅၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Isuzu Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၀၀၀၀၀၀ ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၁၄၄၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ ကိုလည်းကောင်း၊ စဉ့်ကိုင်မြို့ BOC ဆီဆိုင်အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၇၀၇၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၄၂၇၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၆၉၈၅၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်အတွင်း၌ တရားမဝင်မီးသွေး ၅ ဒသမ ၃၁ တန်ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၄၄၈ ကို သစ်တောဥပဒေအရလည်းကောင်း၊ မကွေးခရိုင် ရေနံချောင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၄၄၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင် အင်္ဂပူမြို့နယ်၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၅၆၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ကလေးမြို့သို့သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ကိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၈၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် ရန်ကုန်မြို့မှ အောင်ပန်းမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး၊ စားသောက်ကုန်ပစ္စည်း

အောက်တိုဘာ ၃၀ ရက်တွင်ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၈ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၇၃၄၀၄၈ ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန်တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပ အလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# ကန့်ဘလူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာ နှစ်ရွာကို မီးရှို့ဖျက်ဆီးခဲ့ပြီး အိုင်ပေါင်းချောင်ရွာမှ ပြည်သူများကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ စစ်ကြောင်းထိုးနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၃၀ ရက်က ကျေးရွာ နှစ်ရွာကို ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးခဲ့ပြီး အိုင်ပေါင်းချောင်ရွာမှ ပြည်သူ ၃၀ ကျော်ကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားကာ မုံလှရွာရှိ ခရစ်ယာန်ဘုရားကျောင်းကို ဒရုန်းဖြင့် ဗုံးကြဲဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများကို ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် အဆိုပါရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာများဝန်းကျင်တွင် လုံခြုံရေး ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း သိရှိရပြီး တရားမဝင် ပြည်ဖျက်မီဒီယာများက ဖြစ်စဉ်ဖြစ်ရပ်မှန်ကန်မှုမရှိသည့် သတင်းမှားများကို လုပ်ကြံရေးသားကာ လူမှုကွန်ရက်တွင် ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။ (မြဝ)



# ဆီမီးရောင်ရှိန်ထိန်ထိန်လင်းတဲ့ဒီပါဝလီပွဲတော်

ဘုန်းမောင်ဝင်း(ဗျာပုံ)

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ ခရစ်နှစ် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁ ရက် သောကြာနေ့ဟာ "ဒီပါဝလီ" နေ့ဖြစ်တဲ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးပိတ်ရက်နှင့် လွှဲပြောင်းနိုင်တဲ့စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏အလုပ်ပိတ်ရက်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၇၅/၂၀၂၄ ဖြင့် ကြေညာထားပါတယ်။ နှစ်စဉ်နှစ်တိုင်း ဒီပါဝလီရုံးပိတ်ရက်နဲ့စပ်လျဉ်းပြီး နိုင်ငံတော်အစိုးရက ကြေညာပေးလျက်ရှိပါတယ်။

ဒီပါဝလီပွဲတော်ဟာ အိန္ဒိယနိုင်ငံရဲ့အထင်ကရပွဲတော်များအနက်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံဆိုတာ နှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကောင်းမွန်လျက်ရှိတဲ့ နိုင်ငံနှစ်နိုင်ငံဖြစ်ပါတယ်။ နယ်နိမိတ်ဆက်စပ်မှုအနေနဲ့ အိန္ဒိယနိုင်ငံအရှေ့မြောက်ဘက်မှာ ကုန်းတွင်းနယ်နိမိတ်၊ ဘင်္ဂလားပင်လယ်အော်မှာ ရေနယ်နိမိတ်ထိစပ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံနဲ့ နယ်နိမိတ်ချင်းရှည်လျားစွာထိစပ်နေတဲ့တစ်ခုတည်းသော အရှေ့တောင်အာရှနိုင်ငံဖြစ်ပါတယ်။ မြန်မာ-အိန္ဒိယနှစ်နိုင်ငံတို့ဟာ သံတမန်ဆက်ဆံရေးမထူထောင်မီ ရာစုနှစ်ပေါင်းများစွာကပင် ဘာသာရေး၊ ယဉ်ကျေးမှုနဲ့ လူမှုရေးဆိုင်ရာဆက်နွယ်မှုသမိုင်းကြောင်းအစဉ်အလာရှိထားတဲ့နှစ်နိုင်ငံဖြစ်ပါတယ်။

မြန်မာနဲ့အိန္ဒိယနှစ်နိုင်ငံရဲ့ ဘာသာရေးနဲ့ ယဉ်ကျေးမှုဆက်ဆံရေးဟာ အသောကမင်းကြီးလက်ထက်ကပင်ရှိခဲ့တယ်လို့ မှတ်တမ်းများအရသိရတယ်။ အသောကမင်းတရားကြီးဟာ တတိယသင်္ဂါယနာတင်ပွဲအပြီးမှာ ကိုးတိုင်း၊ ကိုးခရိုင်ဌာနသို့ သာသနာပြုများစေလွှတ်ခဲ့ပါတယ်။ အဆိုပါကာလဟာ မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ရဲ့ ဆက်သွယ်မှုအစပျိုးတဲ့ကာလလို့ဆိုနိုင်ပါတယ်။ သရေခေတ္တရာနဲ့ ပုဂံခေတ်တွေမှာလဲ နှစ်နိုင်ငံဆက်သွယ်မှု ပိုမိုတိုးတက်လာခဲ့ပါတယ်။

နှစ်နိုင်ငံကြား နှစ်ပေါင်းထောင်ချီတဲ့ကာလကတည်းက ကိုးကွယ်ယုံကြည်မှုဘာသာတရားအရလည်းကောင်း၊ အတန်အသင့်တူညီမှုရှိတဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအရလည်းကောင်း၊ စာပေအပါအဝင် အနုသုခုမပညာရပ်များအရလည်းကောင်း၊ ဗိသုကာဆိုင်ရာအဆောက်အအုံပညာရပ်များအရလည်းကောင်း၊စားရေရိက္ခာအဝတ်အစားနှင့်အသုံးအဆောင်ပစ္စည်းများ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအရလည်းကောင်း အပြန်အလှန်ကူးလူးဆက်ဆံမှုများရှိခဲ့တဲ့အတွက် အသုံးအဆောင်ပစ္စည်း၊ အစားအစာနှင့် ဝတ်စားဆင်ယင်မှုများ၊ အသုံးအနှုန်းအခေါ်အဝေါ်များ တူညီမှုများစွာရှိနေတာလဲဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ရဲ့ နှစ် (၆၀) ပြည့်အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ၂၄ ရက် ညနေပိုင်းက နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂မှာ ကျင်းပပြုလုပ်ပါတယ်။ မြန်မာနိုင်ငံနဲ့အိန္ဒိယနိုင်ငံတို့ဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသာမက ယဉ်ကျေးမှုအရလဲ နီးနီးစပ်စပ်ရှိတဲ့နိုင်ငံတွေဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့နှင့်တန်ဆောင်မုန်းလပြည့်နေ့တို့တွင် ဆီမီးထွန်းညှိပူဇော်ခြင်းကို အခါတိုင်းနေ့ရက်များထက် ပိုမိုလုပ်ဆောင်ကြပါတယ်။ ဆီမီးထိန်ထိန်ဝါဝါဝင်း သီတင်းကျွတ်တော့မည်ဆိုသကဲ့သို့ တန်ဆောင်မုန်းတန်ဆောင်တိုင် သူ့အိမ်ထဲလဲမြိုင်၊ ကိုယ့်အိမ်ထဲလဲမြိုင်ကာ ဆီမီးထွန်းညှိထားသည်မှာ မြင်ရသူတိုင်းရဲ့စိတ်ကိုကြည်နူးစေပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ဒီပါဝလီနေ့မှာလဲ ဆီမီးထွန်းညှိပူဇော်မှုပြုခြင်းပင်ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာတော့ ဒေဝါလီနေ့ (Dawali)လို့ လူသိများတဲ့ပွဲတော်တစ်ခုဖြစ်ပါတယ်။ အခြားနိုင်ငံအချို့မှာတော့ ဒီပါဝလီ(Deepavali)လို့ အသုံးများလှပါတယ်။ အိန္ဒိယနိုင်ငံတောင်ပိုင်းနဲ့ မြောက်ပိုင်းတို့ရဲ့ အနည်းငယ်ကွဲလွဲတဲ့အခေါ်အဝေါ်ဖြစ်ပါတယ်။ ဒါပေမဲ့ တူညီတာကတော့ ဟိန္ဒူဘာသာဝင်တို့ရဲ့ မီးထွန်းပွဲတော်တစ်ခုပဲဖြစ်ပါတယ်။ ဒီပါဝလီနေ့ကို နိုင်ငံအတော်များများမှာ တရားဝင်ရုံးပိတ်ရက်အဖြစ်




သတ်မှတ်ထားသလို မြန်မာနိုင်ငံမှာလဲ ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးထားပါတယ်။ မြန်မာနိုင်ငံက သီတင်းကျွတ်ပွဲတော်လိုမျိုးပါပဲ။ ဒီပါဝလီပွဲတော်ကို ဂရီဂိုးရီးယန်းပြက္ခဒိန်အရဆိုရင် ပွဲတော်ကို အောက်တိုဘာလလယ်နဲ့ နိုဝင်ဘာလလယ်တွေမှာ ကျင်းပလေ့ရှိပါတယ်။ ဒီပါဝလီပွဲတော်ဟာ ဟိန္ဒူဘာသာဝင်တို့ရဲ့ပွဲတော်တွေထဲမှာ အကျော်ကြားဆုံးဖြစ်ပြီး ပွဲတော်ဟာ ငါးရက်ကြာမြင့်ပါတယ်။

ဒီပဆိုတာ မီးအလင်းရောင်ဖြစ်ပြီး ဒီပဝါလီဆိုတာကတော့ ဆီမီးထွန်းညှိပူဇော်ခြင်းဖြစ်ပါတယ်။ မီးပူဇော်ခြင်းဖြင့် အလင်းကအမှောင်ကို ခွင်းနိုင်သကဲ့သို့ လူတွေမှာ ကံဆိုးကံညစ်၊ အဆိုးအညံ့တွေရှိခဲ့ရင် ကောင်းခြင်းတို့ရောက်လာခြင်းအဓိပ္ပာယ်နဲ့ မီးပူဇော်ကြတာဖြစ်ပါတယ်။ လူဆိုတာမျှော်လင့်ချက်နဲ့ အသက်ရှင်နေကြတာမို့ အကောင်းဆုံးသောအနေအထားကိုရရှိစေဖို့၊ ရောက်ရှိစေဖို့မျှော်လင့်နေခြင်းမှာ လူ့သဘာဝပါပဲ။ အဆိုးတွေကွယ်ပျောက်လို့ အကောင်းတွေရောက်ရှိခြင်းဟာ လူတိုင်းရဲ့ဆန္ဒပါပဲ။

ဟိန္ဒူဘာသာဝင်တွေအနေနဲ့ ဒီပါဝလီညမှာ မိမိတို့ရဲ့အိမ်မှာရှိတဲ့ ဝင်ပေါက်၊ ထွက်ပေါက်တွေ၊ တံခါးမကြီးနဲ့ ပြတင်းပေါက်တွေနဲ့အဆောက်အအုံ အနီးပတ်ဝန်းကျင်မှာ ဆီမီးထွန်းညှိပူဇော်ကြပါတယ်။ ဒီပါဝလီညမရောက်ခင်မှာ အိမ်သန့်ရှင်းခြင်း၊ ကိုယ်လက်သန့်စင်ခြင်းတို့ကို ပြုလုပ်ကြရပါတယ်။ အဲဒီလိုပြုလုပ်ပြီး ဒီပါဝလီညကို ကြိုဆိုကြပါတယ်။ စာရင်းသစ်ဖွင့်တဲ့အခါမှာ ဒီပါဝလီညက ပူဇော်ပွဲမှာ အသုံးပြုထားတဲ့ မင်အိုးအသစ်၊ ကလောင်အသစ်၊ စာအုပ်အသစ်တွေကို မင်္ဂလာရှိတဲ့ပစ္စည်းတွေအဖြစ်မှတ်ယူကာ အသုံးပြုကြပါတယ်။

ဒီပါဝလီနေ့မှာ အရောင်းအဝယ်တွေရပ်နားထားပြီး တစ်နှစ်စာပိုက်ဆံတွေကို သေတ္တာထဲမှာထည့်ကာ ကုဝေရနတ်မင်းကြီးထံအပ်နှံပြီး စောင့်ရှောက်မှုခံယူကြပါတယ်။ ရွှေပြားငွေပြားတွေကိုဖြန့်ခင်းပြီး လက်ချ်မီးမယ်တော်အတွက် အခင်းအဖြစ်ပူဇော်ကြပါတယ်။ လက်ချ်မီးမယ်တော်က အခင်းအဖြစ်ထိုင်တော်မူသွားတဲ့ရွှေငွေရတနာများဟာ ကျက်သရေမင်္ဂလာနဲ့ပြည်စုံတယ်လို့ ယုံကြည်ကြပါတယ်။ ဒါ့ကြောင့် လက်ချ်မီးမယ်တော်အခင်းအဖြစ် ထိုင်သွားတဲ့ ရွှေငွေရတနာ ဝတ်ဆင်သူတွေအနေနဲ့ လက်ချ်မီးမယ်တော်ရဲ့တန်ခိုးတော်ကြောင့် ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းခြင်းတွေ ရရှိမယ်လို့ ဟိန္ဒူဘာသာဝင်တွေက ယုံကြည်ကြပါတယ်။

အရောင်းအဝယ် စီးပွားရေးလုပ်ဆောင်ရာမှာ အသုံးပြုနေတဲ့ ချိန်ခွင်၊ ကတ္တား၊ ကိုက်တံ၊ ပေတံ၊ ပေကြိုး၊ ပြည်တောင်း၊ တင်းတောင်းတွေကိုလဲ သေချာစွာဆေးကြောသန့်စင်ကာ တုလာဒေဝီမယ်တော်ကိုပင့်ဖိတ်ပြီး ပူဇော်အပ်နှံကြပါတယ်။ အရောင်းအဝယ်ကောင်းပါစေကြောင်း၊ အလှူဒါနများစွာပြုနိုင်ရပါစေကြောင်း ဆုတောင်းကြပါတယ်။ ပူဇော်ရှိခိုးရာနေရာမှာလဲ ညလုံးပေါက် ဆီမီးတွေထွန်းညှိကာ တစ်ညလုံးကျမ်းစာတွေ ရွတ်ဖတ်ကြပါတယ်။ အဲဒီလို ညလုံးပေါက်ပူဇော်ကြပြီး ဆီမီးတွေ ထိန်ထိန်ညီးအောင် ထွန်းညှိထားတဲ့ညဖြစ်တဲ့အတွက် ဒီပါဝလီလို့ခေါ်ဆိုခြင်းဖြစ်ပါတယ်။

ဒီပါဝလီညဟာ တစ်နှစ်ပတ်လုံးမှာ အမှောင်မိုက်ဆုံးညအဖြစ်မှတ်ယူကြပါတယ်။ အဲဒီအမှောင်ထုကို အလင်းရောင်ဖြင့် အနိုင်ယူလိုတာကြောင့် ဆီမီးထွန်းညှိပူဇော်သောညအခါသမယ ဖြစ်လာခဲ့ပါတယ်။ အမှောင်ထုကို အလင်းရောင်က အနိုင်ယူတဲ့သဘောဖြစ်ပါတယ်။ ဒါ့ကြောင့်လဲ ဒီပါဝလီနေ့ဟာ အမှောင်ထုကို အလင်းကအနိုင်ရခြင်း၊ အဓမ္မကို ဓမ္မက အနိုင်ရခြင်း၊ မှားယွင်းနေတဲ့အသိဉာဏ်ကို မှန်ကန်တဲ့အသိဉာဏ်ပညာက အနိုင်ရခြင်းကို ကိုယ်စားပြုကျင်းပတဲ့နေ့မြတ်ဖြစ်ပါတယ်။

ယနေ့အချိန်ကာလ ကမ္ဘာကြီးရဲ့ အချို့နေရာတွေမှာ လူသားတွေရဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေကြောင့် စစ်ရဲ့အနိဋ္ဌာရုံတွေကို တွေ့မြင်နေကြရပါတယ်။ အန္ဓကာရဆိုတဲ့ အမိုက်မှောင်၊ အမှောင်ထုတွေဖုံးလွှမ်းနေပါတယ်။ ဗုဒ္ဓဘာသာအလိုအရဆိုရရင် ကပ်ကြီးသုံးပါးနဲ့ ကြုံတွေ့နေကြပါတယ်။ ငတ်မွတ်တဲ့ဘေး၊ လက်နက်ဘေး၊ ရောဂါဘေးတွေနဲ့ကြုံတွေ့နေရခြင်းဟာ လူသားတွေအပေါ် အမှောင်ထု ဖုံးလွှမ်းနေခြင်းပါပဲ။ ဓမ္မကိုသိနားလည်တဲ့သူတွေက ဒီလိုမျိုး အဓမ္မအဖြစ်ဆိုးတွေကို မလိုလားကြပါဘူး။ အမှောင်ခွင်းပြီး အလင်းဆောင်စေချင်တဲ့ဆန္ဒရှိနေကြပါတယ်။ ဒါ့ကြောင့် အိန္ဒိယနိုင်ငံမှာ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ဟာ အမှောင်ကွယ်ပျောက်တဲ့နေ့အဖြစ် သတ်မှတ်ပြီး ဒီပါဝလီပွဲတော်ကို ကျင်းပကြတာဖြစ်ပါတယ်။ ဒီပါဝလီက မီးထွန်းပွဲတော်တစ်ခုတည်းတင်မဟုတ်ပါဘူး။ မိသားစုတွေ၊ မိတ်ဆွေတွေ၊ သူငယ်ချင်းတွေကြားမှာ ရိုးရာမုန့်တွေ၊ လက်ဆောင်တွေ အပြန်အလှန်ပေးကြတဲ့ ပျော်ပွဲရွှင်ပွဲတစ်ခုလည်းဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာနေထိုင်ကြတဲ့ ဟိန္ဒူဘာသာဝင်တွေအနေနဲ့လဲ ဒီပါဝလီပွဲတော်ဟာ အထွတ်အမြတ်ပွဲတော်ဖြစ်ပြီးဘာသာရေး၊ ဓမ္မရေးပွဲတော်လဲဖြစ်ပါတယ်။ ဒီပါဝလီပွဲတော်မှာ 'ကဏှ'လို့ခေါ်တဲ့ မကောင်းမှုအင်အားစုကို 'ကလျာဏ'လို့ခေါ်တဲ့ ကောင်းမှုအင်အားစုကအနိုင်ရပြီး 'အဝိဇ္ဇာ' တည်းဟူသော အသိဉာဏ်ကင်းမဲ့မှုအမှောင်ထုကို ပယ်ခွင်း၍ 'ဝိဇ္ဇာ' တည်းဟူသော အသိဉာဏ်အလင်းရောင်ကို ဆောင်နိုင်ခြင်း၊ 'အဓမ္မ' ဆိုတဲ့မှားယွင်းတဲ့သဘောတရားများကို 'ဓမ္မ'ဆိုတဲ့သစ္စာတရားက အနိုင်ယူလိုက်ခြင်းတို့ရဲ့ အထိမ်းအမှတ်ဖြစ်တယ်လို့လဲ သိရှိရပါတယ်။

ဒီနေရာမှာ စာရေးသူလေ့လာသိရှိထားတဲ့ ဒီပါဝလီပွဲတော်ရဲ့ နောက်ခံသမိုင်းကြောင်းကိုဖော်ပြလိုပါတယ်။ မြန်မာတွေနဲ့ရင်းနှီးပြီးဖြစ်တဲ့ ရာမမင်းဟာ ရာဝဏလို့ခေါ်တဲ့ ဒသဂီရိကို နှိမ်နင်းပြီးနောက် စစ်ပွဲမှန်သမျှ မည်သည့်အခါမှ အရှုံးမရှိတဲ့ အယုဒ္ဓယနေပြည်တော်ကို ပြန်လည်ဝင်ရောက်လာတဲ့ အချိန်အခါသမယဟာ သီတင်းကျွတ်လကွယ်မှောင်မိုက်နေတဲ့ညအချိန်ဖြစ်ပါတယ်။ မှောင်မိုက်နေချိန်ဖြစ်လို့ ဆီမီးများထွန်းညှိကာ ရာမမင်းကို ကြိုဆိုပူဇော်ခဲ့ကြပါတယ်။ အဲဒီလိုဆီမီးအလင်းရောင်နဲ့ ကြိုဆိုပူဇော်ကြရာမှ ဒီပါဝလီပွဲတော်စတင်ခဲ့တယ်လို့သိရှိရပါတယ်။

မြန်မာနိုင်ငံမှာ ကိုးကွယ်ယုံကြည်မှုဆိုင်ရာဘာသာအသီးသီးတို့ရဲ့ ဘာသာရေးအခမ်းအနားတွေဆောင်ရွက်ကြရာမှာ နိုင်ငံတော်အစိုးရအနေနဲ့ လိုအပ်တဲ့အကူအညီအထောက်အပံ့တွေ ပေးအပ်လျက်ရှိသလို ဆိုင်ရာဆိုင်ရာအခမ်းအနားတွေကိုလဲ နိုင်ငံတော်အကြီးအကဲတွေနဲ့ ပြည်ထောင်စုဝန်ကြီးတွေ တက်ရောက်အားပေးချီးမြှင့်ပါတယ်။ မြန်မာနိုင်ငံမှာတော့ ယုံကြည်ကိုးကွယ်မှုဘာသာတရားနဲ့ စပ်လျဉ်းပြီး လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ပြုထားပါတယ်။

ဘာသာတရားတိုင်းမှာ လူသားတွေရဲ့ကောင်းကျိုးကိုသာ ရှေးရှုထားကြတာမို့ ဒီပါဝလီပွဲတော်နေ့ဟာလဲ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထားဆိုတဲ့ ဗုဒ္ဓဘာသာတရားတော်နဲ့ တူညီပါတယ်။ မြန်မာနိုင်ငံတော်နှင့်တကွ ကမ္ဘာကြီးတစ်ခုလုံးအပေါ်တွင် ဓမ္မတရားများကသာ အောင်နိုင်ပါစေ၊ ကြီးစိုးနိုင်ပါစေ၊ အဓမ္မလုပ်ရပ်တွေ ကွယ်ပျောက်ပြီး ကမ္ဘာတစ်ဝန်းလုံးမှာရှိကြတဲ့ လူသားအားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ကောင်းသောလိုရာဆန္ဒများ ထာဝရပြည့်ဝကြပါစေလို့ ဆုတောင်းရင်း ဆီမီးရောင်ရှိန် ထိန်ထိန်လင်းတဲ့ ဒီပါဝလီပွဲတော်ကို ဂုဏ်ပြုအပ်ပါတယ်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ**
- **လူမှုကွန်ရက်စာမျက်နှာများ**

ဝတ္ထုတိုကဏ္ဍ

# နားရွက်ပြတ်မှာကြောက်သူ

ထွန်းလှိုင်(မြိုင်)



၁၉၇၀ ပြည့်နှစ် ပခုက္ကူခရိုင် မြိုင်မြို့ အထက်တန်းကျောင်းမှာ ဆရာလေးကိုတင်မြိုင်တစ်ယောက် တန်းမြင့်ကျောင်းထွက်စာမေးပွဲ အောင်မြင်သည်။ ကျောင်းဆက်တက်ရန်ခက်ခဲ၍ မိခင်မုဆိုးမကြီးက မဖြစ်မနေကျောင်းဆက်ထားမည်ဟု ပြောသော်လည်း လက်မခံဘဲ မူလတန်းလက်ထောက်ဆရာ လျှောက်ထားခဲ့သည်။ ထိုအချိန်က ပညာတတ်နည်းပါးခြင်း၊ ဆရာ၊ ဆရာမ ရှားပါးခြင်းကြောင့် ဆရာလေးကိုတင်မြိုင် လွယ်လင့်တကူဖြင့် ဆွဲခန့်မူလတန်းဆရာဖြစ်ခဲ့သည်။ မြိုင်မြို့နှင့် ၁၅ မိုင်ကွာသော ညောင်တွင်းကျေးရွာ မူလတန်းကျောင်းတွင် တာဝန်ကျခဲ့သည်။

ညောင်တွင်းကျေးရွာ မူလတန်းကျောင်းတွင် ကျောင်းသားအင်အား ၇၀ ကျော်ခန့်ရှိသည်။ သူ့အရင် မူလတန်းကျောင်းအုပ်ဆရာကြီး ဦးရွှေသီးရှိနေသည်။ အလုပ်ဝင်စဖြစ်၍ ဆရာကြီးဦးရွှေသီးက ဆရာလေးကိုတင်မြိုင်ကို ဒုတိယတန်းနှင့် ပထမတန်း တာဝန်ယူခိုင်းသည်။ ဆရာကြီးက ကလေးတွေ အောက်ခြေမှစပြီး အရေးအဖတ်တတ်ရန်အတွက် သူငယ်တန်း၊ တတိယတန်း၊ စတုတ္ထတန်းထိ တာဝန်ယူသင်ကြားသည်။ ဆရာနှစ်ယောက် တစ်နေကုန်နားရသည်မရှိ။ တစ်ခါတစ်ရံ ဆရာကြီးဦးရွှေသီး မြိုင်သို့ လခထုတ်သွားချိန်၊ ရုံးကိစ္စရှိသည်ဆိုလျှင် ဆရာလေးကိုတင်မြိုင် တစ်ကျောင်းလုံး တာဝန်ယူရသည်။ ယင်းနေ့မျိုးဆိုလျှင် ဆရာလေးကိုတင်မြိုင်တစ်ယောက် ဖက်ဖက်မောအောင် မနားမနေသင်ကြားရသည်။

ဆရာလေးကိုတင်မြိုင်သည် မိခင်မုဆိုးမကြီးကို ရွာမှာထားခဲ့ပြီး တစ်နယ်တစ်ကျေးသို့ လာရောက်ပြီး တာဝန်ထမ်းဆောင်ရသော်လည်း မိခင်ကြီးကိုတော့ စိတ်မချနိုင်။ အိမ်နီးနားချင်းများကို ကူညီကြည့်ရှုရန် ပြောကြားထားခဲ့သည်။ လူငယ်လူလွတ်တစ်ယောက်ဖြစ်၍ ကျေးလက်ထုံးစံအတိုင်း လူပျိုဆရာလေးကို ကျေးရွာလူကြီးက ရွာဦးက ဘုန်းကြီးကျောင်းမှာ ပို့ထားကြသည်။ ဘုန်းကြီးက နံနက်စာ၊ နေ့လယ်စာကို တာဝန်ယူထားသဖြင့် ညစာတစ်နပ်တည်းသာ ဆရာလေးကိုတင်မြိုင်သည် ကျောင်းသားလေး မောင်သံလုံး၏အကူအညီယူ၍ ချက်ပြုတ်စားသောက်နေသည်။

တစ်နေ့ ဆရာကြီး မြိုင်သို့ လစာထုတ်သွားသဖြင့် ဆရာလေးကိုတင်မြိုင်သည် တာဝန်ကျအတန်းအပြင် စတုတ္ထတန်းနှင့် တတိယတန်းကို တာဝန်ယူသင်ရသည်။ အခြားအတန်းများကိုတော့ စာကျက်ခိုင်းထားသည်။ တတိယတန်းကို တာဝန်ယူသင်ကြားနေချိန်တွင် ကျောင်းသားများ၏အိမ်စာများကို စစ်ဆေးနေစဉ် ကျောင်းသားတစ်ဦးမှာ ဖြေဆိုထားခြင်းမရှိဘဲ ဆရာ့စားပွဲပေါ်တွင် စာအုပ်လာတင်ထားသည်။ ဆရာလေးကိုတင်မြိုင်က ၎င်းစာအုပ်ကို ကောက်ယူစစ်ဆေးစဉ် ဘာမျှရေးထားခြင်းမရှိ၍ စာအုပ်တွင် ရေးထားသောအမည်ကို ခေါ်လိုက်သည်။ စာအုပ်တွင် ရေးထားသောအမည်မှာ ပေသီး၊ တတိယတန်းဟု ရေးထားသည်။ ဆရာလေးမှာ ပေသီးကို ခုံပေါ်မတ်တပ်ရပ်ခိုင်းလိုက်သည်။ ပေသီး မကြောက်မရွံ့ဘဲ အရေးမစိုက်သလို မတ်တတ်ရပ်လိုက်သည်။ အခြားကျောင်းသားများကတော့ ပေသီးနှင့် ဆရာကို ပွဲကြီးပွဲကောင်းလို ကြည့်နေသည်။ ဆရာလေးကိုတင်မြိုင်က ပေသီးအနားသွားပြီး–

“မောင်ပေသီး လက်ပိုက်ထားပါ။ ဆရာမေးမယ် မင်းဘာကြောင့်မနေ့က ဆရာကြီးပေးလိုက်တဲ့အိမ်စာတွေ မလုပ်လာသလဲ"

ပေသီး မဖြေ။ ဆရာ့ကိုသာ စိုက်ကြည့်နေသည်။ ထိုအခါ ဆရာလေးက ပေတံတစ်ချောင်းယူပြီး ပေသီးကို လက်ဖြန့်ခိုင်းကာ မေးတာမဖြေရကောင်းလားဆိုပြီး တစ်ချက်ရိုက်လိုက်သည်။ ပေသီးမဖြူ။ နောက်ဆုံး သူဖြေလိုက်တဲ့အဖြေကတော့ ဆရာလေး အံ့အားသင့်သွားသည်။ ငါမှားသွားလားမသိဟု စဉ်းစားလိုက်မိသည်။ အဖြေကတော့ အိမ်မှာ ဖယောင်းတိုင်နှင့်ရေနံဆီမရှိလို့ မီးမထွန်းရလို့မဖြေခဲ့ကြောင်း အသံခပ်မာမာနှင့်ဖြေလိုက်သည်။ ဆရာလေး ဘာမျှဆက်မပြောတော့ပါ။ ညနေကျောင်းဆင်းပြီး ပြန်လာ၍ အိပ်ရာတွင် ခဏလှဲနေစဉ် အတူနေတပည့်ကျော် မောင်သံလုံးက "ဆရာ ညနေစာ ချူးပြီးပြီ"ဟု ပြောလိုက်မှ ထမင်းထစားလိုက်သည်။ တပည့်ကျော် မောင်သံလုံးက–

"ဆရာ နေ့လယ်က တတိယတန်းကျောင်းသား ပေသီးမျက်လုံးမှာ ကြောင်မျက်လုံးပါတယ်ဆရာ။ ဒီကောင် သိပ်စွမ်းတယ်"

"ဟေ ဟုတ်လား"

လက်ထောက်ဆရာအဖြစ် တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသည်မှာ သုံးလခန့်ရှိပြီဖြစ်သည်။ မြို့သို့ ဆရာကြီးလခထုတ်သွားသဖြင့် ဒီနေ့မှတတိယတန်းကိုပါ ပူးတွဲတာဝန်ယူပေးရသည်။ ညနေဘက် သံလုံးပြောသောစကားကြောင့် တတိယတန်း ကျောင်းသား မောင်ပေသီးကို စိတ်ဝင်စားမိသည်။

"ဆရာ ပေသီးမျက်လုံးထဲမှာ ကြောင်မျက်လုံးပါတယ်ဆရာ။ အနက်စက်လေးလဲပါတယ်။ ဒီကောင် အခိုးသိပ်လျှင်တာ။ ကြက်၊ ငှက်တွေပစ်ရင်လဲ တစ်ချက်တည်းနဲ့ မှန်တယ်"

တပည့်ကျော်သံလုံးက သူ့ဆရာကို မျက်နှာလိုမျက်နှာရ သတင်းပေးထားသည်။ နောက်တစ်နေ့ ကျောင်းတက်စဉ်ဆရာကြီးပြန်မလာသေး၍ တတိယတန်းကို ဆက်လက်စာသင်ရသည်။ ကျောင်းဆင်းခါနီးတွင်–

"ပေသီး ထစမ်း"

ပေသီးသည် မတ်တတ်ရပ်၍ လက်ကို ခပ်တင်းတင်းပိုက်လိုက်သည်။ ပေသီးမျက်လုံးကို အကဲခတ်ကြည့်လိုက်သည်။ ညာဘက်မျက်စိမှာ အပြာရောင်သန်းနေပြီး မျက်ဝန်းနက် အောက်တည့်တည့်တွင် နှမ်းစေ့လုံးခန့် အမည်းစက်ကလေး တစ်စက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူများကပေသီးကို"မိကြောင်" ဟုပြော၍ ခေါ်ကြသည်။ မျက်လုံးပြာကလေးက ကြောင်မျက်လုံးနှင့်တူသောကြောင့် နောက်ကြ၊ စကြခြင်းဖြစ်သည်။ ဆရာလေးကိုတင်မြိုင်သည် ပေသီးအနားသို့ကပ်၍ အကဲခတ်ကြည့်လိုက်ပြီး–

"အေး ညနေ ကျောင်းဆင်းရင် ဆရာ့ဆီ ခဏလာခဲ့စမ်းပါကွာ"ဟု မှာလိုက်သည်။

ညနေကျောင်းဆင်း၍ နားနေစဉ် "ဆရာ ပေသီးလာပြီ"ဟု သံလုံးက သတင်းပို့သည်။

ဆရာလေးကိုတင်မြိုင်သည် သံလုံးပြောသောစကားကြောင့် ကြက်၊ ငှက်အပစ် လက်တည့်တယ် ဆိုသည့်စကားကို စမ်းလိုသဖြင့် ယနေ့မှာလိုက်ခြင်းဖြစ်သည်။

"ပေသီး ဟောဟိုက တိန်ညင်ကြက်တွေ ဆရာတို့တော့ အကပ်မခံဘူးကွ။ မင်းရအောင် ဖမ်းနိုင်ရင် ဖမ်းပေးပါလား"

ဆရာလေးကိုတင်မြိုင်သည် ဘုန်းကြီးမွေးထားသော တိန်ညင်ကြက်ထဲမှာတစ်ကောင်ကို အသံမပြည်အောင် အသေရရ၊ အရှင်ရရ ဖမ်းပေးရန် ပြောလိုက်သည်။

ပေသီးသည် ကျောင်းမှပေးလိုက်သော အိမ်စာသင်္ချာတစ်ပုဒ်ကို ခက်ခက်ခဲခဲတွက်ယူရသော်လည်း ယခုကိစ္စမျိုးဆိုလျှင် သူ့ဦးနှောက်ထဲမှာဘယ်လိုလုပ်ရမယ်ဆိုတာ လက်ခနဲနေအောင် ဉာဏ်ထွက်လာသည်။

ကြက်အုပ်ထဲမှခွဲထွက်လာသော တိန်ညင်ကြက်မကလေးတစ်ကောင်ကို လှမ်းကြည့်လိုက်သည်။ ဝါးနှစ်ရိုက်လောက်မှာရှိ၍ အသာထိုင်ပြီး တိန်ညင်မကို စူးစူးစိုက်စိုက်ကြည့်ပြီး လောက်လေးနှင့်ပစ်လိုက်သည်။ ခေါက်ခနဲအသံနှင့်အတူ တိန်ညင်မကလေးသည် မြေပေါ်သို့ အရုပ်ကြိုးပြတ်သည့်နှယ်လဲကျသွားပါတော့သည်။ တစ်ပြိုင်တည်း ပေသီးသည်ကပျာကယာထ၍ တိန်ညင်မကလေးကိုပြေးယူပြီး သံလုံးလက်ထဲလှမ်းပစ်လိုက်သည်။ တစ်ချက်တည်းနှင့်မှန်အောင်ပစ်နိုင်သော ပေသီးကို ချီးကျူးလိုက်သည်။

"အေး ငါ့တပည့် လက်တည့်တယ်ကိုးကွ။ သွားတော့ သွားတော့”

ထိုအချိန်မှစ၍ ပေသီးသည် ဆရာလေးကိုတင်မြိုင်၏ မျက်နှာသာပေးခံရမှုကို အခွင့်အရေးယူကာ ဆရာ့ထံ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်သွားလာနိုင်ခဲ့သည်။ ကျောင်းမှာ အိမ်စာလုပ်မလာလည်း ဆရာလေးက မေးမြန်းခြင်းမရှိတော့။ ပေသီး၏ လျှင်မြန်ဖျတ်လတ်ပုံကို သဘောကျလွန်းသဖြင့် လုပ်သမျှ အပြစ်ဟုမမြင်ခဲ့ပေ။

တပည့်ကျော်သံလုံးသည် ဆရာ၏ အရှိန်အဝါကို သုံး၍ ပေသီးအပေါ် လူလည်လုပ် ခိုင်းစားနေလေသည်။ တစ်နေ့ ကျောင်းကပြန်အလာ ဆရာလေးကိုတင်မြိုင်သည် တပည့်ကျော်သံလုံးကို–

"ကနေ့ ဘာဟင်းချက်သလဲကွ"

"မနက်က ပေသီးလာပို့လို့ ကြက်သားဟင်းချက်တယ်ဆရာ"

ဤသို့နှယ် ဆရာလေးကိုတင်မြိုင်သည် ညနေစာကို ကြက်သားဟင်း အမြဲလိုလိုစားနေရတော့သည်။ စားရဖန်များလာသောအခါ စောကြောရလာတော့သည်။ အစက တပည့်ကျော်မောင်သံလုံးသည် ဆရာအပ်ထားသောငွေထဲမှ ချွေတာသုံးစွဲကာ ချက်ပြုတ်ကျွေးမွေးနေသည်ဟု ထင်မိသည်။ တစ်နေ့တွင် ညနေစာအတွက် ထမင်းပွဲပြင်၍ တပည့်ကျော် ချူးခပ်ပေးသောထမင်းပွဲကို စားရန်ထိုင်လိုက်စဉ် ကျေးရွာသူကြီးရောက်လာ၍ ထမင်းပွဲမှထပြီး ခရီးဦးကြိုပြုလိုက်သည်။

"ဆရာလေး ဘာဟင်းတွေနဲ့သုံးဆောင်နေသလဲ"

တပည့်ကျော်သံလုံးချက်ထားသော မဆလာနံ့သင်းနေသည့် ဆိတ်သားဟင်းကို သူကြီးရှေ့မြည်းရန် ချပေးရင်း ဟင်းအမည်ကို ပြောလိုက်သည်။ ထိုအခါ သူကြီးကလည်း–

"ဖြည်းဖြည်းသုံးဆောင်ပါ။ ထမင်းစားပြီးမှ စကားစမြည်ပြောကြတာပေါ့"

ဆရာလေးကလည်း ထမင်းကို ကပျာကသီစားပြီး သူကြီးကို ရေနွေးကြမ်းနှင့်ထန်းလျက်ခဲ စားရန်ချပေးပြီး ရေနွေးငှဲ့ပေးလိုက်သည်။

"ဆရာလေးထမင်းစားပြီးလို့ ပြောရအုံးမယ်။ ရွာထဲမှာ အခုတလော ဆရာ့တပည့် မောင်ပေသီး သောင်းကျန်းနေတယ်"

"ဆိုစမ်းပါဦး သူကြီးရဲ့"

"အခုတလော ကြက်တွေပျောက်လို့ လာတိုင်တာလဲ လေးငါးခါရှိသွားပြီ။ ကြက်လောက်ကတော့ တော်ပါသေးတယ်။ မနက်စောစောက ရွာအရှေ့ပိုင်း ဘကျော်အိမ်က လေးငါးလသား ဆိတ်မကလေး တစ်ကောင်ပျောက်သွားလို့ လာတိုင်တယ်"

သူကြီးစကားကြောင့် ဆရာလေးကိုတင်မြိုင် ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။ ညနေတိုင်းထမင်းပွဲမှာ ကြက်သားမပြတ်စားရလွန်း၍ တပည့်ကျော် သံလုံးကို စောကြောကြည့်သောအခါ ဆရာ့မျက်နှာ အရှိန်နှင့် မောင်ပေသီးကို ခိုင်းစားနေကြောင်း သိရသည်။ ဆရာ့အနေနှင့်လည်း စားရဖန်များလာသော အခါ စိတ်မသိုးမသန့်ဖြစ်၍ မောင်သံလုံးအား ပေသီးနှင့် အရောတဝင်မနေရန်၊ မောင်ပေသီးကိုလည်း မသမာမှုနှင့် ဆရာ့ကို မျက်နှာမလုပ်ရန် ဆုံးမခဲ့ပြီးဖြစ်သည်။

ယခုလည်း အခုတင်စားခဲ့ရသော မဆလာနံ့သင်းသည့် ဆိတ်သားဟင်းသည် ရွာအရှေ့ပိုင်းဘက်မှ ဘကျော် ဆိတ်မကလေးဖြစ်နိုင်သည်။ သို့သော် နောက်ကျခဲ့လေပြီ။ ကိုဘကျော် တိုင်ချက်ကို သူကြီး

စာမျက်နှာ ၂၅ သို့ ➤

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၂၈၃၂၅ ဧက ရိတ်သိမ်းပြီးစီး



**ရွှေဘို အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၂၈၃၂၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၈၃၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ရာ အဆိုပါစိုက်ပျိုးထားသော စိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ နှမ်းစိုက်ပျိုးဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် တင်း ၂၀ ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နှမ်း ၂၈၃၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ အခုလက်ရှိအချိန်မှာတော့ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးခဲ့တယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စိုက်ခင်းတွေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

ကိုယ်တိုင်စုံစမ်းကြည့်တော့ ဆိတ်မကလေးကို ပေသီးခိုးတယ်ဆိုတာ သိလာရသည်။ ဆရာလေးကိုတင်မြိုင်သည် မျက်နှာကြီးနီမြန်းလာပြီး စိတ်မသိုးမသန့်ဖြစ်ကာ စိတ်လှုပ်ရှားနေပြီး-

"သံလုံး လာပါအုံးကွ"ဟု အသံခပ်မာမာနှင့် ခေါ်လိုက်သည်။

"မင်း ကနေ့ချက်တဲ့ဟင်းက ပေသီးလာပို့တဲ့ ဆိတ်သားမဟုတ်လား"

"ဟုတ် ဟုတ် ဟုတ်ပါတယ်ဆရာ"

"မင်းကို ပေသီးနဲ့ အရောတဝင်မနေဖို့၊ မသမာနည်းနဲ့ ရလာတဲ့ ပူဇော်မှုကို ငါလက်မခံဘူးလို့ ပြောခဲ့တယ်မဟုတ်လား"

"ကျွန်တော်လဲ ဆရာ့အတွက် ညနေဟင်းကောင်းမရှိတာနဲ့ ဇွတ်လာပေးလို့ လက်ခံလိုက်တာပါ ဆရာ"

"ကိုင်း ပြီးခဲ့တာတွေ ပြီးပါစေတော့ ဆရာလေးရယ်။ ဆိတ်ပိုင်ရှင်ဘကျော်ကို ဆိတ်ဖိုးအလျော်ပေးဖို့ ပေသီးအဖေကို ပြောလိုက်ပါ့မယ်။ ဆရာလေးက ရှေ့ဆက်ပြီး ပေသီးကိုအလိုမလိုက်တော့ဘဲ ခပ်ကြမ်းကြမ်း ဆုံးမပေးပါဆရာ"

သူကြီးသည် ပြောပြောဆိုဆိုနှင့် ထပြန်သွားသည်။

တပည့်မကောင်း ဆရာ့ခေါင်းဆိုတာအလွန်မှန်သည်။ မျက်နှာသာပေးခဲ့ကာ အလိုလိုက်ခဲ့တာ အခုတော့ ဆရာ့တာဝန်များဖြစ်နေမလားဆိုပြီး ဆရာလေးတွေးနေသည်။ ဖြစ်လာပြီးမှ မတတ်နိုင်။ နောင်ကောင်းအောင် ပြုပြင်ရန်သာဖြစ်သည်။ ပေသီးအဖေမှာလည်း ဆိတ်လျော်ပေးဖို့ ငွေအခက်အခဲရှိတာသိရသည်။ ဖယောင်းတိုင်၊ ရေနံဆီမဝယ်နိုင်လို့ စာတောင်မကျက်နိုင်။ အဲဒီတော့ မတတ်နိုင်တော့ပါ။ အမေ့ကို ပေးရန်မိမိရရှိသောလစာထဲမှ ချန်ထားသောငွေကို ပေသီးအဖေခေါ်ပေးဖို့ပဲရှိတော့တယ်။ ဒီလတော့ ဆိတ်အလျော်ပေးရန်အတွက် ငွေကျပ် ၂၀ ထွက်သွားသည်။ (ထိုအချိန်က ဆိတ်သား တစ်ပိဿာ ၃ ကျပ်)။

ပေသီးသည် ရွာထဲတွင် ခြေဆော့လက်ဆော့လုပ်ရုံမက ကျောင်းတွင်ပါ သစ္စာမဲ့လာသည်။ မျက်နှာသာပေး ရွှေရေးပန်းကန်တက်ခဲ့လေသည်။ ဆရာလေးကိုတင်မြိုင်သည် ကျေးရွာ၏အကျိုးကိုလည်း ကူညီဆောင်ရွက်တတ်သည်။ ကျေးရွာဘုံကထိန်၊ ဘုရားပွဲ၊ ကျေးရွာလမ်းပြုပြင်ခြင်း၊ သာရေး၊ နာရေးများကိုလည်း ကာလသား၊ ကာလသမီးများနှင့် ပူးပေါင်းဆောင်ရွက်လေ့ရှိသည်။ ဒါကြောင့် ဆရာလေးကို ကျေးရွာလူကြီး၊ လူငယ်အားလုံးက အလေးထားဆက်ဆံကြသည်။

လခထုတ်ပြီး ရက်တစ်ရက်။ ကျေးရွာဘုံကထိန် နီးလာသဖြင့် ကျေးရွာကာလသားများအပ်နှံထားသော ဘုံဖျာများဝယ်ရန် ငွေများနှင့် မိမိလခကို စုပေါင်းပြီး သေတ္တာထဲထည့်ထားခဲ့လေသည်။ နောက်တစ်နေ့ညနေတွင် ကျေးရွာဘုံဖျာဝယ်ရန် ကာလသားခေါင်းဆောင် ကိုတင်မြင့်လာ၍ ဖျာဖိုးရှင်းရန် တောင်းတော့မှ သေတ္တာလှပ်ကြည့်သောအခါ မိမိလခရော၊ ဘုံစုငွေပါ ရှာမတွေ့တော့သဖြင့် ဆရာလေးဦးခေါင်းမီးတောက်ရတော့သည်။

"သံလုံး လာပါအုံးကွာ။ ဒီနေ့ ဘယ်သူလာသေးလဲ"

"ဘယ်သူမှ မလာပါဘူး ဆရာ"

"မင်းမလိမ်နဲ့ ငါ့ကို မှန်မှန်ပြောပါ"

"ပေသီးတော့ ရေတစ်ထမ်း လာပို့ပါတယ်"

"ရေပို့ရုံပဲလား၊ ဘာလုပ်သွားသေးလဲ။ အခန်းထဲ ဝင်သေးလား"

"ရေတက်လောင်းနေတုန်း ကျွန်တော်လဲ ထင်းပေါက်နေတယ် ဆရာ။ ချက်ချင်း သူဆင်းလာတာ တွေ့ရတယ်"

"ပေသီးက ကြောင်မျက်လုံးဆိုတာသိလျက်နှင့် မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်းမှာ သူ့ကိစ္စပြီးအောင်ဆောင်ရွက်နိုင်တယ်။ ပေသီးနဲ့ မင်းအဆက်မပြတ်နိုင်ရင်တော့ မင်းလဲ ငါနဲ့အတူမနေနဲ့တော့ကွာ"

မတတ်နိုင်။ စိတ်က တိုလွန်းနေသည်။ ဆရာလေးကိုတင်မြိုင် မိမိကို ဝေယျာဝစ္စပြုစုပေးသော တပည့်ကျော်သံလုံးကိုပါ နှင်ရတော့သည်။ စိတ်တော့မကောင်းပါ။

"ဩော် ပေသီး ပေသီး၊ နတ်နေကိုင်းကိုပင် မချန်တော့ဘဲ မောက်တိုင်ကိုပင် ခွပ်လိုက်ပါသည်တကား"

ဆရာလေးကိုတင်မြိုင်သည် လခထဲမှ တစ်ရာကျပ်ကျော်ကျော်နှင့် ရွာဘုံငွေ နှစ်ရာကျပ်ကျော်ကျော် ချောခဲ့ရတော့သည်။ ယခင်လည်း နှစ်ဆယ်ကျော် ချောခဲ့ပြီးပြီ။ ထိုအချိန်က အမဲသား တစ်ပိဿာ ၃ ကျပ်၊ ဆီတစ်ပိဿာ ၃ ကျပ်ခန့်သာရှိသဖြင့် ဆရာလေးကိုတင်မြိုင် ဘတ်ဂျက်ထဲမှ ငွေကျပ် ၃၂၀ လျော့သွားသည်မှာ ရောမငွေလိုဖြစ်သွားတော့သည်။ ဒီလ အမေမုဆိုးမကြီးကို ငွေမပေးနိုင်တော့သည့်အပြင် တပည့်ကျော်သံလုံးကိုပါ အဆက်ဖြတ်ပြီး ပေသီးကိုလည်း လှည့်မကြည့်တော့ပေ။ ပေယျာလကန် ထားလိုက်တော့သည်။

“သွေးလူးဖူးသော လက်သည် အဆက်မပြတ် သွေးလူးနေချင်သည်” ဆိုရိုးစကားအတိုင်း ပေသီးသည် ကျောင်းမှာရော၊ ရွာထဲမှာပါ လူဆိုးကလေးဖြစ်မှန်းမသိ ဖြစ်သွားတော့သည်။ ဗီဇကလည်း မိမိလုပ်သမျှအကောင်းချည်းထင်ကာ ပေသီးတစ်ယောက် ထိန်းမနိုင်၊ သိမ်းမရ။ ဆရာမနိုင် နှစ်ဆောင်ပြိုင်ဖြစ်နေသည်။

ထစ်ခနဲဆို ပေသီး။ ဘာလဲဟေ့ဆို ပေသီးဖြစ်နေသည်။ ကြက်ကလေးကအစ၊ ဆိတ်ကလေးအလယ်၊ နွားအဆုံး အသုံးမကျသည့် လူဆိုး၊ သူခိုးဘဝသို့ ရောက်မှန်းမသိ ရောက်သွားတော့သည်။ ကျောင်းလည်း မလာတော့ပေ။ ထိုအချိန်မှစပြီး ဆရာလေးကိုတင်မြိုင်သည်လည်း ပေသီးနှင့် လုံးဝအဆက်ပြတ်သွားတော့သည်။ **ဆက်လက်ဖော်ပြပါမည်။**

## ချစ်ခြင်းမေတ္တာ

- တစ်ပါးသူ အားနည်းချက်
  ချိုးဖျက်လို့ ယူအနိုင်၊
  ရေနစ်ရာ ဝါးကူထိုးကာဖြင့်
  ကောင်းကျိုးလဲယိုင်၊
  အတ္တများရယ်ဖြင့် ကြွံခိုင်
  စိတ်မဏ္ဍိုင် ဆိုးရွားလှ၊
  ထိုလူသည် အဖိုးမဲ့
  ချို့တဲ့ဘဝ။

- ကြောက်မက်စရာ စိတ်ဒုက္ခပေမို့
  ဖယ်ကြစို့ ချစ်မိတ်ဆွေ၊
  ကောင်းမှုဆင် နှလုံးသား
  ခွန်အားဖြစ်ပေ၊
  အမုန်းမထား အပြုံးများဝေ
  နှလုံးသားတွေ လှပေး၊
  အစွန်းရောက်လျှင် ဘေးတွေ့ရ
  ဒုက္ခမအေး။

- အပူအပင် မရှိဝေးဖို့
  အသိလေး ကပ်ရမည်၊
  ဖြဟ္မစိုရ် လက်ကိုင်သုံး
  ကျင့်ထုံးရပ်တည်၊
  လူသားအစစ် တန်ဖိုးချည်
  အားလုံးသည် ဖြစ်ပျက်သဘော၊
  အနှစ်စစ်ပါ
  ချစ်မေတ္တာ ဖော်ဆောင်လင်းပါမှ
  ကောင်းခြင်းကျော်စော။ ။

စျာန်လေး(ပညာရေး)

# စလင်းမြို့နယ် ကုန်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း အောက်တိုဘာ ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျိုးခင်းကုန်းကျေးရွာအုပ်စု ကုန်းတဲကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၃၀ ရက်က အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံ အဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေအရင်းအတိုး ပေးဆပ်ရမည့်ကာလများနှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၀ သန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကုန်းတဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၀ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

# မက်ဆီဒိုးနီးယားနိုင်ငံရှိ ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်နေရာဖြစ်သော အိုရစ်ရေကန် ရေထုညစ်ညမ်းမှုအန္တရာယ်နှင့်ရင်ဆိုင်နေရ



**စကုတ်ပ် အောက်တိုဘာ ၃၁**

မက်ဆီဒိုးနီးယားနိုင်ငံရှိ ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်နေရာဖြစ်သောအိုရစ်ရေကန်သည် ရေထုညစ်ညမ်းမှု အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ယနေ့ သတင်းများအရ သိရသည်။

ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်နေရာဖြစ်သည့် အိုရစ်ရေကန်သည် မက်ဆီဒိုးနီးယားနှင့် အိမ်နီးချင်း အယ်လ်ဘေးနီးယားနိုင်ငံတို့မှ မျောပါလာသောစွန့်ပစ်အမှိုက်များ၊ မိလ္လာနှင့်ရေဆိုးစွန့်ပစ်မှုများ၊ ငါးအလွန်အကျွံဖမ်းဆီးမှုနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှု စသည့်တို့ကြောင့် တဖြည်းဖြည်းညစ်ညမ်းလာကာ အဆိုပါရေကန်၏ အလှတရားများ ပျောက်ကွယ်မည့် အန္တရာယ်နှင့်ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂအဖွဲ့နှင့် ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

နှစ်ပေါင်း ၃ ဒသမ ၅ သန်း ကျော်သက်တမ်းရှိသော ဥရောပ၏ ရှေးအကျဆုံး ရေကန်များထဲမှ တစ်ခုဖြစ်သော အိုရစ်ရေကန်သည် ရှားပါးငါးမျိုးစိတ်များအပါအဝင် ရေနေသတ္တဝါမျိုးစိတ်ပေါင်း ၂၀၀ နေထိုင်ကျက်စားရာနေရာဖြစ်သည့်အပြင် ပြည်တွင်း၊ ပြည်ပခရီးသွားများကိုဆွဲဆောင်နိုင်သည့် နိုင်ငံ့ဝင်ငွေ ရှာဖွေပေးနေသော နေရာတစ်ခုဖြစ်ကြောင်း၊ အိုရစ်ရေကန်ကို ၁၉၇၉ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ် နေရာအဖြစ် ယူနက်စကိုက ကြေညာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့အမွေအနှစ်နေရာဖြစ်သော အိုရစ်ရေကန်ကို အချိန်မီ ထိန်းသိမ်းကာကွယ်မှုများမပြုလုပ်ပါက အဆိုပါရေကန်တွင် ရေထုညစ်ညမ်းရုံသာမက တိမ်ကောပျောက်ကွယ်သွားနိုင်သည်ဟု ယူနက်စကိုက သတိပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အိုရီဂွန်ပြည်နယ်တွင် ပြင်းအား ၆ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ဝါရှင်တန် အောက်တိုဘာ ၃၁**

အမေရိကန်နိုင်ငံ အိုရီဂွန်ပြည်နယ်တွင် အောက်တိုဘာ ၃၀ ရက်က အားကောင်းသည့်မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး မြေငလျင်ပြင်းအားမှာ ၆ မဂ္ဂနီကျူရှိခဲ့ကြောင်း အမေရိကန်မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

မြေငလျင်သည် အိုရီဂွန်ပြည်နယ်တောင်ဘက်ပိုင်း ကမ်းခြေဒေသများတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြေငလျင်လှုပ်ခတ်မှုကြောင့် လမ်းတံတားတချို့ အသေးစားပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ မြေငလျင်လှိုင်းသည် ဘန်ဒန်မြို့ထိ ရောက်ရှိခဲ့ပြီး မြေငလျင်လှိုင်းရိုက်ခတ်မှုကြောင့် ဒေသခံ ၇၅ ဦးထက်မနည်း အမိုးအကာအောက်မှ ခေတ္တရှောင်တိမ်းခဲ့ရကြောင်း၊ မြေငလျင်သည် မြေအောက်အနက် ၆ ဒသမ ၂ မိုင်ခန့်တွင် ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်သည့်အတွက် မြေငလျင်လှိုင်းသည် လူနေရပ်များသို့ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း အိုရီဂွန်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အိုရီဂွန်ပြည်နယ် တောင်ဘက်ပိုင်းကမ်းခြေမှာ အောက်တိုဘာ ၃၀ ရက်က ပြင်းအား ၆ မဂ္ဂနီကျူရှိတဲ့ မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်ဟာ မြေအောက်အနက် ၆ ဒသမ ၂ မိုင်အကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့တာဖြစ်တယ်။ မြေငလျင်ပြင်းအားများခဲ့ပေမဲ့လဲ ဆူနာမီလှိုင်း ဝင်ရောက်တဲ့အထိတော့ မဖြစ်နိုင်ပါဘူး"ဟု အမေရိကန်မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် ဖြစ်ပေါ်လာသော မြေငလျင်လှိုင်းသည် ဗဟိုပြုလှုပ်ခတ်ခဲ့သော ဧရိယာနှင့် မိုင်ပေါင်း ၁၇၀ ကျော်ကွာဝေးသောနေရာထိ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# စပိန်နိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၉၅ ဦးထက်မနည်းသေဆုံးခဲ့

**မက်ဒရစ် အောက်တိုဘာ ၃၁**

စပိန်နိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် အောက်တိုဘာ ၂၉ ရက်မှစ၍ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၉၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုကြောင့် ဗလင်စီယာနယ်မြေရှိ လမ်း၊ တံတားများပျက်စီးခဲ့သဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲများ ရှိနေကြောင်း၊ သစ်သီးဝလံ အဓိကစိုက်ပျိုးသော နေရာများတွင် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ၈ နာရီအကြာ မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကာ သစ်သီးဝလံစိုက်ခင်းများ ပျက်စီးခဲ့ရကြောင်း၊ ပျက်စီးခဲ့သော သစ်သီးဝလံစိုက်ခင်းဧရိယာအတိအကျကို စိစစ်နေဆဲဖြစ်သော်လည်း စပိန်အရှေ့တောင်ဘက်ပိုင်းရှိ သစ်သီးဝလံစိုက်ခင်း စုစုပေါင်းဧရိယာ၏ သုံးပုံ နှစ်ပုံခန့် ပျက်စီးခဲ့သည်ဟု စပိန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၉၅ ဦးထက်မနည်းရှိခဲ့သည့်အတွက် စပိန်နိုင်ငံသမိုင်းတွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူအများဆုံးသော ရေကြီးရေလျှံမှုဖြစ်စဉ်များတွင် ပါဝင်နေကြောင်း၊ ရေဘေးဒဏ်သင့်ဧရိယာများတွင် ပိတ်မိနေသော ပြည်သူများ ကျန်ရှိနေဆဲဖြစ်ပြီး ကယ်ဆယ်ရေး အဖွဲ့များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေဆဲဖြစ်ကြောင်း၊ ပိတ်မိနေသော ပြည်သူများကို ကယ်ထုတ်နိုင်ရေးအတွက် စပိန်တပ်မတော်မှ အထူးတပ်ဖွဲ့ဝင်တချို့ကို စေလွှတ်ပေးထားပြီးဖြစ်ကြောင်း စပိန်ကာကွယ်ရေးဝန်ကြီး မာဂါရီတာက Cadena Ser ရေဒီယိုအသံလွှင့်ဌာနမှ တစ်ဆင့် အသိပေးပြောကြားခဲ့သည်ဟု သိရသည်။

Ref : Sputnik News
Trs : Sai Sat



# အာဖရိကပင်ဂွင်မျိုးစိတ် မျိုးသုဉ်းလာနိုင်သဖြင့် IUCN ၏ မျိုးသုဉ်းလုနီးပါး ခြိမ်းခြောက်ခံစာရင်းတွင် ထည့်သွင်းခဲ့

**နယူးယောက် အောက်တိုဘာ ၃၁**

အာဖရိက ပင်ဂွင်မျိုးစိတ် မျိုးသုဉ်းလာနိုင်သဖြင့် IUCN၏ မျိုးသုဉ်းလုနီးပါး ခြိမ်းခြောက်ခံစာရင်းတွင် ထည့်သွင်းခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုသည် ပင်ဂွင်မျိုးစိတ်အတော်များများကို မျိုးသုဉ်းလုနီးပါးဖြစ်စေခဲ့ကြောင်း၊ ကမ္ဘာ့တစ်ဝန်းတွင် ပင်ဂွင်မျိုးစိတ် ၁၈ မျိုးရှိပြီး အဆိုပါမျိုးစိတ်အားလုံး မျိုးသုဉ်းလုနီးပါး စာရင်းဝင်လာသည်မှာ ပင်ဂွင်မျိုးစိတ်များ အတွက်စိုးရိမ်ဖွယ်ရာအခြေအနေ ဖြစ်ကြောင်း နိုင်ငံတကာသဘာဝ ထိန်းသိမ်းရေးအဖွဲ့ (IUCN) က ထုတ်ပြန်ခဲ့သည်။

အာဖရိက ပင်ဂွင်မျိုးစိတ်သည် ၎င်း၏ထူးခြားသော အဖြူအမည်း အရောင်စပ်အမွေးအမှင်များကြောင့် လူသိများကာ IUCN က အဆိုပါပင်ဂွင်မျိုးစိတ်များကို ထိန်းသိမ်းရန် တိုက်တွန်းထားပြီးနောက် တောင်အာဖရိက အစိုးရကဦးဆောင်၍ အာဖရိကပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (SANCCOB) နှင့် တောင်အာဖရိကငှက်မျိုးစိတ်များ ကာကွယ်ရေးအဖွဲ့တို့ ပူးပေါင်းကာ အဆိုပါပင်ဂွင်မျိုးစိတ်များကို မျိုးသုဉ်းလုနီးပါး အခြေအနေမှ ထိန်းသိမ်းကယ်တင်ရန် ဆောင်ရွက်လျက်ရှိသည်။

အာဖရိကပင်ဂွင်များမျိုးသုဉ်းလာခြင်း၏ အဓိကအကြောင်းရင်းမှာ အစားအစာရှားပါးလာခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းနှင့် အလွန်အကျွံအမဲလိုက်ခြင်းများကြောင့်ဖြစ်ကြောင်း၊ အာဖရိကပင်ဂွင်များ၏ မျိုးသုဉ်းလုနီးပါး အခြေအနေသည် ဇီဝမျိုးစုံမျိုးကွဲများကို ခြိမ်းခြောက်ရုံသာမက ဒေသတွင်း စီးပွားရေးကိုပါထိခိုက်စေကြောင်း အာဖရိက၏လူမှုစီးပွားအစီရင်ခံစာတွင် ဖော်ပြထားသည်။

Ref : Sputnik News
Trs : KZ

# ဩစတြေးလျနိုင်ငံတွင် အပူလှိုင်းဖြစ်တန်းကာ တောမီးလောင်ကျွမ်းမှုဖြင့် ကာလရှည်ရင်ဆိုင်ရနိုင်

**ကင်ဘာရာ အောက်တိုဘာ ၃၁**

ဩစတြေးလျနိုင်ငံတွင် အပူလှိုင်းဖြစ်သန်းမည့် ပြဿနာဖြင့် ရင်ဆိုင်ဖွယ်ရှိနေပြီး အပူလှိုင်းကြောင့် အပူချိန်မြင့်တက်ကာ တောမီးလောင်ကျွမ်းမှုပြဿနာဖြင့် ကာလရှည်ရင်ဆိုင်ရနိုင်ကြောင်း ဩစတြေးလျမိုးလေဝသဗျူရိုနှင့် နေရှင်နယ်သိပ္ပံအေဂျင်စီ (CSIRO) က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံ၏ ရေဧရိယာများတွင် ရေမျက်နှာပြင် ပူနွေးမှုများလည်း ဖြစ်ပေါ်နေပြီး လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ပျံ့နှံ့မှုနှုန်းလည်း မြင့်တက်နေကြောင်း၊ အပူလှိုင်း ဖြစ်ပေါ်လာနိုင်သည့် ကာလကို အတိအကျမခန့်မှန်းနိုင်သေးသော်လည်း အပူလှိုင်းဖြစ်ပေါ်လာနိုင်သည့် လက္ခဏာများကို စတင်မြင်တွေ့နေရပြီ ဖြစ်သည်ဟု CSIRO က သတိပေးခဲ့ကြောင်း သိရသည်။

"ဩစတြေးလျနိုင်ငံရဲ့ ရေဧရိယာတွေမှာ ရေမျက်နှာပြင် ပူနွေးမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေမျက်နှာပြင်ပမာဏ မြင့်တက်နေတာတွေလဲ ဖြစ်ပေါ်နေပါတယ်။ ရေမျက်နှာပြင်ပမာဏမြင့်တက်မှု တွေကြောင့် ကမ်းခြေမှာရှိတဲ့ အခြေခံအဆောက်အအုံတွေပျက်စီးလာနိုင်တယ်။ အပူလှိုင်းတွေလဲ ဖြစ်သန်းဖွယ် ရှိနေတဲ့အတွက် အပူချိန်တွေမြင့်တက်ပြီး တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်လာနိုင်တယ်"ဟု ဩစတြေးလျ မိုးလေဝသဗျူရိုနှင့်နေရှင်နယ်သိပ္ပံအေဂျင်စီ(CSIRO) မှ သုတေသီ မန်နေဂျာဖြစ်သူ ဂျာစီဘာရောင်းက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၅၀၉၅၉ ဧက စိုက်ပျိုးပြီးစီး



**ကန့်ဘလူ အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၅၀၉၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် စပါး ၁၄၂၅၅၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၀၉၅၉ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ စပါး ၁၄၂၅၅၈ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၅၀၉၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီးအထွက်နှုန်း ကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲခြင်းစသည့် နည်းပညာပေးလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မော်လမြိုင်မြို့နယ် ကော့တွန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မော်လမြိုင် အောက်တိုဘာ ၃၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကော့တွန်ကျေးရွာ၌ ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးနှင့် ဝန်ထမ်းများက မော်လမြိုင်မြို့နယ် ကော့တွန်ကျေးရွာ ကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကော့တွန်ကျေးရွာ၌ လမ်းအရှည် ပေ ၃၆၃၀၊ အကျယ် ၁၂ ပေ အမြင့် ခြောက်လက်မရှိ ကျေးရွာကုန်ထုတ်လမ်းခင်းခြင်း လုပ်ငန်းကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၃၅ ဒသမ ၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် ထူးပြည့်သာကုမ္ပဏီက ဩဂုတ်လ ပထမပတ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကော့တွန်ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးထံမှ သိရသည်။

သုတ

# စနေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက ကစားသမားစုဖွဲ့မှုကောင်းနေတဲ့ လီဗာပူးအသင်း၊ ဂျူဗင်တပ်အသင်း၊ ဗီလာရီးရဲလ်အသင်းတို့ကို အားပေးရမှာပါ

ML



လက်ရှိအမှတ်ပေးပွဲတွေဟာ ရာသီဝက်ကာလပြီးဆုံးဖို့ နီးကပ်လာတာကြောင့် ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာတာကို တွေ့ရမှာပါ။ ကြားရက်မှာတော့ ဖလားပြိုင်ပွဲတွေနဲ့ စီးရီးအေပြိုင်ပွဲတွေရှိခဲ့တာကြောင့် အဲဒီပြိုင်ပွဲမှာ ဒဏ်ရာရပွဲပယ်ရှိနေတဲ့ အသင်းတွေကိုတော့ သတိထားချဉ်းကပ်ရမှာပါ။ ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ခရစ္စမတ်ကာလနီးကပ်လာချိန်မှာ ကစားသမားအများစုဒဏ်ရာရလေ့ရှိပြီး လက်ရှိမှာလဲ အဓိကကစားသမားတချို့ ဒဏ်ရာရနေတာကိုတွေ့ရမှာပါ။ အမှတ်ပေးပြိုင်ပွဲမှာအရန်ကစားသမားစုဖွဲ့မှုကောင်းတဲ့အသင်းတွေက ရလဒ်ပိုကောင်းလေ့ရှိတာကြောင့် စနေနေ့ညပွဲစဉ်တွေမှာလဲ ကစားသမားစုဖွဲ့မှုကောင်းတဲ့အသင်းတွေကိုပဲ အားပေးရမှာပါ။

## လီဗာပူးအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၁၀)မှာ အကြိုက်တွေ့မိတာကတော့ လီဗာပူးအသင်းနဲ့ ဘရိုက်တန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲမှာ အာဆင်နယ်နဲ့တွေ့ဆုံခဲ့တာကြောင့် သရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ ကစားအားနဲ့ တိုက်စစ်ကစားပုံကတော့ ကျဆင်းသွားခြင်းမရှိပါဘူး။ အဲဒီပွဲစဉ်မှာ အာဆင်နယ်အသင်းရဲ့ တောင်ပံတိုက်စစ်ကိုမထိန်းနိုင်လို့ ဦးဆောင်ဂိုးပေးခဲ့ရပေမဲ့ ဆာလာဟ်၊ ဒီယက်ဇ်တို့ တိုက်စစ်အတွဲကလဲ အခွင့်အရေးကို အကောင်းဆုံးအသုံးချနိုင်ခဲ့လို့ သရေရလဒ်ထွက်ပေါ်ခဲ့တယ်လို့ဆိုရမှာပါ။ ဒါကြောင့် လီဗာပူးဟာ အမှတ်ပေးဇယားအဆင့်(၂)ကို ကျရောက်ခဲ့ပြီး မန်စီးတီးနဲ့ ရမှတ်တစ်မှတ်ကွာသွားခဲ့တာဖြစ်ပါတယ်။ လက်ရှိပွဲစဉ်(၉) ပြီးချိန်မှာ ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး အသင်းလိုက်ကစားအားရှိနေတာကြောင့် ပရီးမီးယားလိဂ်မှာ ဂိုးမပေးရတဲ့ ပွဲစဉ်ငါးပွဲထိရှိခဲ့လို့ ခံစစ်အကောင်းဆုံးအသင်းဖြစ်နေတာကို သတိပြုရမှာပါ။ အခုပွဲမှာတော့ ဂိုးသမား အယ်လစ်ဆန်၊ အီလီယော့၊ ချီဆာ၊ ဂျိုတာတို့မပါနိုင်ပေမဲ့ ဂိုးသမားနေရာအားနည်းချက်ကလွဲရင် ဘရိုက်တန်အသင်းထက် အဘက်ဘက်ကသာနေတာကြောင့် ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာ သေချာပါတယ်။

ဘရိုက်တန်အသင်းဟာ နည်းပြဟာဇီလာလက်ထက်မှာ အဓိကကစားသမားတချို့ကို ရောင်းချခဲ့ပေမဲ့ ကစားအားကျဆင်းသွားခဲ့ခြင်းမရှိပါဘူး။ သူတို့အသင်းဟာ ကိုးပွဲကစားအပြီးမှာ လေးပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ရမှတ် ၁၆ မှတ်ရခဲ့လို့ အဆင့်(၆) ထိရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ပွဲစဉ်မှာတော့ ဝုဗ်အသင်းကို အိမ်ရှင်အားနဲ့ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ခဲ့လို့ ဦးဆောင်ဂိုးနှစ်ဂိုးရခဲ့ပေမဲ့ ပွဲချိန် ၈၈ မိနစ်မှာ ကွင်းလယ်ပိုင်းအပြောင်းအလဲလုပ်ပြီး ကစားအားချခဲ့တာကြောင့် ချေပဂိုးနှစ်ဂိုးပေးလိုက်ရလို့ သရေတစ်မှတ်သာရခဲ့တာကို သတိပြုရမှာပါ။ ဒါ့ကြောင့် အခုပွဲစဉ်မှာ လီဗာပူးအသင်းကို ဝုဗ်အသင်းနဲ့ ပွဲကလိုမျိုး သွားကစားရင်တော့ ပေးဂိုးများသွားနိုင်ပြီး ရှုံးပွဲကြုံမှာ သေချာပါတယ်။ ခံစစ်ပိုင်းအားနည်းချက်ကို မပြင်နိုင်သေးတာကြောင့် နောက်ဆုံးငါးပွဲမှာ နှစ်ပွဲသာနိုင်ခဲ့ပြီးပေးဂိုး ၁၀ ဂိုးထိရှိနေတာဖြစ်ပါတယ်။ အခုပွဲမှာတော့ ဝက်စ်တာ၊ လူးဝစ်ဒန့်၊ ဂျိမ်းမင်နာ၊ ပက်ထရို၊ ဆိုလီမက်ချ်တို့လို အဓိကကစားသမားတွေဒဏ်ရာရနေတာကြောင့် အရန်ကစားသမားစုဖွဲ့မှု အားနည်းချက်ရှိနေပြီး လီဗာပူးကိုပွဲချိန်ပြည့် ရင်ဆိုင်ဖို့ မလွယ်ပါဘူး။ ဒါ့ပြင် လီဗာပူးတိုက်စစ်မှူး ဆာလာဟ်၊ ဒီယက်ဇ်၊ နူနက်ဇ်တို့အတွဲကို ထိန်းချုပ်ဖို့ မဖြစ်နိုင်တာကြောင့် အိမ်ရှင် လီဗာပူးအသင်းကို ရွေးချယ်ရမှာပါ။

### လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၂ | - | ၀ | ဘိုလော့နာ |
| ပဲလေ့စ် | ၀ | - | ၁ | လီဗာပူး |
| လီဗာပူး | ၂ | - | ၁ | ချဲလ်ဆီး |
| လိုက်ပ်ဇစ် | ၀ | - | ၁ | လီဗာပူး |
| အာဆင်နယ် | ၂ | - | ၂ | လီဗာပူး |

### ဘရိုက်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၂ | - | ၂ | နော်တင်ဟမ် |
| ချဲလ်ဆီး | ၄ | - | ၂ | ဘရိုက်တန် |
| ဘရိုက်တန် | ၃ | - | ၂ | စပါး |
| နယူးကာဆယ် | ၀ | - | ၁ | ဘရိုက်တန် |
| ဘရိုက်တန် | ၂ | - | ၂ | ဝုဗ် |

## ဂျူဗင်တပ်အသင်း ရလဒ်ကောင်းမှာပါ

အီတလီစီးရီးအေပွဲစဉ် (၁၁) မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အူဒီးနီးစ်အသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အူဒီးနီးစ်အသင်းဟာ နည်းပြသစ်ရန်ဂျာအိခ်လက်ထက်မှာ ရလဒ်ကောင်းခဲ့တာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ ကက်ဂလီယာရီအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ကစားနိုင်ခဲ့ပြီး လူကာ၊ ဒေးဗစ်တို့ရဲ့ဂိုးတွေနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ အူဒီးနီးစ်ဟာ လက်ရှိကိုးပွဲကစားအပြီးမှာ ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ရမှတ် ၁၆ မှတ်နဲ့ အဆင့်(၇) ထိရောက်ရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အဆင့်(၄)က ဖီအိုရင်တီးနားနဲ့ ရမှတ်တူနေသလိုအဆင့်(၃)က ဂျူဗင်တပ်နဲ့လဲ တစ်မှတ်သာကွာဟနေတာကိုတွေ့ရမှာပါ။ အူဒီးနီးစ်ဟာ အခုရာသီအိမ်ကွင်းကောင်းတဲ့ အသင်းတွေထဲမှာ ပါဝင်နေပေမဲ့ အသင်းကြီးတွေဖြစ်တဲ့ အေစီမီလန်၊ အင်တာမီလန်၊ ရိုးမားတို့လိုအသင်းတွေကိုတော့ ရှုံးခဲ့တာကို သတိပြုရမှာပါ။

ဂျူဗင်တပ်အသင်းကတော့ ပြီးခဲ့တဲ့ပွဲမှာ အင်တာမီလန်ကို လေးဂိုးစီသရေရလဒ် ကစားနိုင်ခဲ့လို့ ရမှတ်ခွဲယူနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲမှာ သူတို့အသင်းအနေနဲ့ ဦးဆောင်ဂိုးရခဲ့ပေမဲ့ အင်တာမီလန်အသင်းရဲ့ တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့တာကြောင့် ပြိုင်ဘက်ရဲ့ဖိအားပေးမှုကို ခံခဲ့ရတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ပွဲချိန်ဒုတိယပိုင်းမှာ နည်းပြမော့တာရဲ့ လူစားလဲမှန်ကန်မှုကြောင့် ရဲလ်ဒိဇ်ကချေပဂိုးတွေပြန်သွင်းပေးနိုင်ခဲ့လို့ လေးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဂျူဗင်တပ်ဟာ အခုရာသီအမှတ်ပေးပွဲမှာ ရှုံးပွဲမရှိသေးပေမဲ့ ငါးပွဲထိသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ရမှတ် ၁၇ မှတ်နဲ့ အဆင့်(၃) မှာရောက်ရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိအသင်းမှာ လူးဝစ်၊ ဘရီမာ၊ ဂွန်ဇာလက်ဇ်၊ မီလစ်ခ်တို့လို အဓိကကစားသမားတွေ ဒဏ်ရာရနေပေမဲ့ သူတို့နေရာကိုအစားဝင်ကစားနိုင်တဲ့ ကစားသမားတွေရှိတာကြောင့် အခုပွဲမှာလဲ အူဒီးနီးစ်ကို ဖိအားပေးနိုင်မှာပါ။ သူတို့ နှစ်သင်းတွေ့ဆုံမှုမှာလဲ ဂျူဗင်တပ် အသာရခဲ့တာကြောင့် ဧည့်သည်ဖြစ်တဲ့ ဂျူဗင်တပ်အသင်းက ရလဒ်ကောင်းမှာပါ။

### အူဒီးနီးစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အူဒီးနီးစ် | ၂ | - | ၃ | အင်တာမီလန် |
| အူဒီးနီးစ် | ၁ | - | ၀ | လက်ချီ |
| အေစီမီလန် | ၁ | - | ၀ | အူဒီးနီးစ် |
| အူဒီးနီးစ် | ၂ | - | ၀ | ကက်ဂလီယာရီ |
| ဗင်နီစီယာ | ၃ | - | ၂ | အူဒီးနီးစ် |

### ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၂ | - | ၃ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၁ | - | ၁ | ကက်ဂလီယာရီ |
| ဂျူဗင်တပ် | ၁ | - | ၀ | လာဇီယို |
| ဂျူဗင်တပ် | ၀ | - | ၁ | စတုဂတ် |
| အင်တာမီလန် | ၄ | - | ၄ | ဂျူဗင်တပ် |

## ဗီလာရီးရဲလ်အသင်း အနိုင်ရမှာပါ

စပိန်လာလီဂါ ပွဲစဉ်(၁၂) မှာ အကြိုက်တွေ့မိတာကတော့ ဗီလာရီးရဲလ်နဲ့ ဗယ်လ်ကာနိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တာကတော့ ဧပြီ ၂၈ ရက်မှာဖြစ်ပြီး ဗီလာရီးရဲလ်က သုံးဂိုးပြတ်နဲ့အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ ဗီလာရီးရဲလ်ဟာ အခုရာသီမှာ တိုက်စစ်မှူးဆိုးလော့၊ ဂျော်ဂျန်ဆန်တို့ကိုရောင်းချခဲ့ပေမဲ့ တိုက်စစ်ကစားအားကျဆင်းသွားခြင်းမရှိဘဲ အမှတ်ပေးပွဲ ၁၁ ပွဲအပြီးမှာ သွင်းဂိုး ၂၀ ထိ သွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ ဒါပေမဲ့ ဂိုးသမား ဂျော်ဂျန်ဆန် ထွက်ခွာသွားတဲ့ဂိုးပေါက်ကတော့ စိုးရိမ်နေရဆဲဖြစ်ပြီး ခံစစ်ကပေးဂိုး ၁၉ ဂိုးထိရှိခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာလဲ ခံစစ်ကဂျူအန်ဖွိုဒ်နဲ့ ဘိုင်လီတို့ ဒဏ်ရာရနေတာကလဲ ခံစစ်ကစားပုံတိုးတက်လာခဲ့ခြင်းမရှိဘူးလို့ဆိုရမှာပါ။ ဗီလာရီးရဲလ်ဟာ ခံစစ်ပိုင်းအားနည်းနေပေမဲ့ တိုက်စစ် မှာတော့ ဘေနာ၊ ပီရက်ဇ်၊ ဘာရီ၊ နီကိုလပ်စ်ပီပီတို့ ခြေစွမ်းပြနေသလို ပီရက်ဇ်က ခုနစ်ဂိုးထိသွင်းယူထားတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲငါးပွဲမှာတော့ ရီးရဲလ်မက်ဒရစ်အသင်းကို ရှုံးခဲ့တာကလွဲ ရင် ကျန်အသင်းတွေကို အနိုင်ကစားနိုင်ခဲ့တာကြောင့် အခုပွဲမှာ အဝေးကွင်းခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့ ဗယ်လ်ကာနိုကို ဖိအားပေးနိုင်မှာ သေချာပါတယ်။

ဗယ်လ်ကာနိုအသင်းဟာ ထိပ်တန်းအဆင့် ကစားသမားကောင်းတွေခေါ်ယူနိုင်ခြင်းမရှိပေမဲ့ အိမ်ကွင်းမှာဆို အသင်းကြီးတွေကိုတောင် ခြိမ်းခြောက်နိုင်တဲ့ထိ အိမ်ကွင်းကောင်းတဲ့ အသင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ အလာဗက်အသင်းနဲ့ ကစားခဲ့ရပြီး တစ်ယောက်လျော့ခဲ့ပေမဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာပွဲစဉ် (၁၁) အပြီးမှာ လေးပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ အဆင့်(၉) မှာရပ်တည်နေပြီး အဝေးကွင်းပွဲစဉ်တွေမှာတော့ နှစ်ပွဲသာအနိုင်ရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲတွေကတော့ ဆိုစီဒက်၊ ဗယ်လာဒိုးလစ်တို့ကို အနိုင်ရခဲ့ပြီး တိုက်စစ်မှူးဒီဖရူတိုစ်က သွင်းဂိုးသုံးဂိုးထိ သွင်းယူခဲ့တာကို သတိပြုရမှာပါ။ လက်ရှိအသင်းတိုက်စစ်ကို ပါလာဇွန်၊ ကာမယ်လိုတို့ ဦးဆောင်နေပေမဲ့ တောင်ပံတိုက်စစ်မှူး ဒီဖရူတိုစ်က သွင်းဂိုးသုံးဂိုးထိသွင်းယူပြီး ဂိုးသွင်းအများဆုံးဖြစ်နေတာကိုတွေ့ရမှာပါ။ သူတို့နှစ်သင်းတွေ့ဆုံမှု ၁၇ ကြိမ်မှာတော့ ဗီလာရီးရဲလ်က ၁၁ ပွဲနိုင် ၊ နှစ်ပွဲသရေ ၊ လေးပွဲရှုံးနဲ့ အသာရနေသလို ကစားသမားစုဖွဲ့မှုနဲ့ တိုက်စစ်ကစားပုံမှာလဲ ဗီလာရီးရဲလ်အသာရနေတာကြောင့် အိမ်ရှင် ဗီလာရီးရဲလ်အသင်း အနိုင်ရမှာပါ။

### ဗီလာရီးရဲလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | ၃ | - | ၁ | လက်ပါးမက် |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၀ | ဗီလာရီးရဲလ် |
| ဗီလာရီးရဲလ် | ၁ | - | ၁ | ဂီတာဖေး |
| ဗယ်လာဒိုးလစ် | ၁ | - | ၂ | ဗီလာရီးရဲလ် |
| ပိုဘလန်စီ | ၁ | - | ၆ | ဗီလာရီးရဲလ် |

### ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗယ်လ်ကာနို | ၁ | - | ၁ | လီဂါနက်စ် |
| ဗယ်လာဒိုးလစ် | ၁ | - | ၂ | ဗယ်လ်ကာနို |
| မာယော့ကာ | ၁ | - | ၀ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၁ | - | ၀ | အလာဗက် |
| ဗီလာမူရီရယ် | ၀ | - | ၅ | ဗယ်လ်ကာနို |

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော် ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာ့ဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## “အစွလာမ်ဘာသာဝင် အီမာန်ရှင်များ နှင့် အများသိစေရန် ကြေညာခြင်း”

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အေးရိပ်ငြိမ်မွတ်စလင်၊ ကဘာရ်စတန်ဥယျာဉ်တော် အုပ်ချုပ်မှုကော်မတီ အဖွဲ့ဝင်များ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အစွလာမ်ဘာသာဝင် အီမာန်ရှင်များ နှင့် အများပြည်သူ သိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

အေးရိပ်ငြိမ်မွတ်စလင်၊ ကဘာရ်စတန်ဥယျာဉ်တော် အုပ်ချုပ်မှုကော်မတီ အဖွဲ့ဝင်များမှ ဦးစီး၍ အစည်းအဝေးများ အကြိမ်ကြိမ်ကျင်းပခဲ့ရာ (၉. ၁၂. ၂၀၂၂) ရက်နေ့တွင် ပဋ္ဌမအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေး၌ ဖွဲ့စည်းပုံစည်းမျဉ်း အခန်း(၈)၏ မြှုပ်နှံသည့် ပုံစံနစ် အပိုဒ်(င)ပါအချက်များကို အစားထိုးရန် ဆုံးဖြတ်ခဲ့ကြပြီး သင်္ချိုင်းတော်အတွင်း မိုးရွာသွန်းမှုများကြောင့် လည်းကောင်း၊ လူဦးရေတိုးပွားလာခြင်းကြောင့်လည်းကောင်း၊ မြေမြှုပ်နှံနိုင်သည့် မြေအကျယ်အဝန်း လုံလောက်စွာ မရှိနိုင်သောကြောင့်လည်းကောင်း၊ ပျက်စီးသွားသော ကဘာရ်အချို့အား အကြီးစားမွမ်းမံရသည့်အချက်များ ကြုံတွေ့ရသည့် အခက်အခဲများကြောင့်လည်းကောင်း၊ ထိုအချက်များပေါ် မူတည်၍ ကြိုတင်မျှော်မှန်းကာ ကွင်းအမှတ်(၂) ကွင်းအသစ်တွင် မြှုပ်နှံရန်အတွက် ရှရီအတ်တရားတော်နှင့်အညီဖြစ်စေရန် ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် မြန်မာပြည်အရပ်ရပ်ရှိ မြေသားကျောခင်းအုတ်ကာ အသုံးပြုလျက်ရှိသော မြို့များသို့သွားရောက်လေ့လာခဲ့ကြပြီး ရန်ကုန်ရေဝေးကဘာရ်စတန်တွင် အသုံးပြုနေသည့် ပုံစံကို အဓိကနမူနာအဖြစ်ယူ၍ ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးဆုံးဖြတ်၍ အဆိုပါ ဆွေးနွေးချက်များကိုလည်း ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အဆ်အဒီယဖ်၊ ဓမ္မသတ်ဌာန၊ ဓမ္မသတ်မှူးချုပ်ထံသို့ လမ်းညွှန်ဆုံးဖြတ်ပေးပါရန် တင်ပြလျှောက်ထားခဲ့ရာ အဆိုပါ ဓမ္မသတ်ဌာနမှ တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်းစစ်ဆေးခဲ့ပြီးနောက် မန္တလေးမြို့၊ အေးရိပ်ငြိမ် မွတ်စလင်ကဘာရ် စတန်ထံသို့ ကဘာရ်စတန် ဥယျာဉ်တော်မှ တင်ပြသည့်အတိုင်း မှန်ကန်ကြောင်း တွေ့ရှိရသဖြင့် ထောက်ခံဆုံးဖြတ်ခဲ့ကြပါသည်။ အဆိုပါ ထောက်ခံချက်၊ ဓမ္မသတ်ဆုံးဖြတ်ချက်များအရလည်းကောင်း၊ မန္တလေးမြို့ပေါ်ရှိ လူမှုကူညီရေးအသင်းများမှလည်း ထောက်ခံခဲ့ကြသဖြင့် အေးရိပ်ငြိမ် ကော်မတီအဖွဲ့ဝင်များမှ ရှရီအတ် တရားတော်နှင့်အညီ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။

အေးရိပ်ငြိမ်မွတ်စလင်၊ ကဘာရ်စတန်ဥယျာဉ်တော် အုပ်ချုပ်မှုကော်မတီ အဖွဲ့ဝင်များ၏ ဆောင်ရွက်မှုများအပေါ် အချို့သော ဘာသာဝင်လူနည်းစုများက မလိုမုန်းထားခြင်း၊ မလိုလားသူတစ်ချို့မှ ဌာနဆိုင်ရာများသို့ မမှန်မကန်လီဆည် လုပ်ကြံ၍ တိုင်ကြားခဲ့ကြပြီး အဆိုပါ တိုင်ကြားခဲ့မှုများကို ဌာနဆိုင်ရာမှလည်း စုံစမ်းစစ်ဆေးခဲ့ပြီးဖြစ်ပါလျက် အစွလာမ်ဘာသာဝင်များ အထွဋ်အမြတ်ထားရာ ဗလီကျောင်းတော်များတွင် ဘာသာရေး၊ လူမျိုးရေး၊ နိုင်ငံရေးအဓိကရုဏ်းဖြစ်စေရန် တမင်ရည်ရွယ်လျက် မဟုတ်မမှန်သည့် စာသားများဖြင့် ရေးသားကာ လိမ်မော်ရောင် စက္ကူစာရွက် ကို အသုံးပြု၍ ဖြန့်ဝေခြင်းများပြုလုပ်ခဲ့သောကြောင့် အစွလာမ်ဘာသာဝင်များထင်ယောင်ထင်မှား ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ ပြုမူဆောင်ရွက်နေသည်ကို မျက်မြင်သက်သေများဖြင့် စုံစမ်းသိရှိခဲ့ရပါသည်။

ထိုကဲ့သို့ မမှန်မကန်လီဆည်လုပ်ကြံ၍ ရေးသားကာ ဝါဒဖြန့်ခြင်းများ ဆောင်ရွက်သူများကို စုံစမ်းစစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ မမှန်ကန်သည့် ကိစ္စရပ်များကို လူမှုကွန်ယက်စာမျက်နှာများပေါ်တွင် ကူးယူရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ ထိုသို့ရေးသား ဖြန့်ဝေခြင်းများအပေါ် Comments ရေးသားခြင်း၊ Like ပေးခြင်း၊ Share ခြင်းများ ထပ်မံဆောင်ရွက်နေမည်ဆိုပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစွလာမ်ဘာသာဝင် အီမာန်ရှင်များ နှင့် အများပြည်သူ သိရှိစေရန် လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်နန္ဒာမြင့်သိန်း (တရားလွှတ်တော်ရှေ့နေ)**

ဒေါ်ချောစုမေ၊ ဒေါ်ဆုမွန်မွန်၊ ဦးကျော်ကျော်နိုင်၊ ဒေါ်နှင်းအိအိခိုင်၊ ဒေါ်ရွှေရည်ဝင့်နိုင်၊ ဒေါ်မြတ်စုစံ၊ ဦးလှမျိုးဦး (တရားလွှတ်တော်ရှေ့နေများ)

အိမ်အမှတ်(ဒီ-၄)၊ သီရိရိပ်သာ(၂)၊ ၆၅လမ်း၊ ၃၄×၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ရုံးခန်း၀၉-၄၅၀၀၄၉၇၀၆၊ ၀၉-၂၀၃၅၈၅၅၊

Web: www.nandarlawfirm.com.mm, Email: lawfirmmyanmar@gmail.com

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၆၀ | ၃၁၃၅ | ၃၀၉၀ | ၃၁၆၅ | ၃၁၇၅ | ၃၁၉၀ | ၃၁၄၅ | ၄၄၀၅ | ၃၃၀၀ | ၃၁၅၀ | ၃၁၆၅ | ၃၂၀၀ | ၃၁၈၅ | ၃၂၀၀ | ၃၆၀၅ | ၄၁၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၅ | ၄၄၅၅ | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၉၅ | ၂၆၇၀ | ၂၆၂၅ | ၂၆၉၅ | ၂၇၁၀ | ၂၇၂၀ | ၂၆၇၅ | - | ၂၈၃၀ | ၂၆၈၅ | ၂၇၀၀ | ၂၇၃၀ | ၂၇၂၀ | ၂၇၃၀ | ၃၁၃၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | ၄၇၂၀ | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |
| HSD (10 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | - | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၂၂ | ၃၀၁၄ |
| 95 Ron | ၃၁၂၅ | ၃၂၂၁ |
| HSD (500 ppm) | ၂၄၆၉ | ၂၅၄၈ |
| HSD (50 ppm) | ၃၀၉၇ | ၃၁၈၈ |
| HSD (10 ppm) | ၃၀၉၇ | ၃၁၈၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**







## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းဝန်းကျင်ရပ်ကွက်နေ မထင်ထင် (ဘ) ဦးယုံခန်း (၉/မဟမ(နိုင်)၀၁၂၄၄၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-066132) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၂၅၂၅၀၅၀၁၈

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ (၇၃)လမ်း၊ သဇင်လမ်းနှင့်ငုရွှေဝါလမ်းကြားရှိ မင်္ဂလာမန္တလေးဟုခေါ်တွင်သော (၁.၈)ဧကခန့်အကျယ်ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော မင်္ဂလာကွန်ဒိုတိုက်ခန်း၊ Tower(B)၊ (4)လွှာ၊ အခန်းအမှတ်(၁၂)၊ အကျယ်အဝန်း(၁၃၃၅)စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဦးကျော်သူဆွေ(၉/မရမ(နိုင်)၀၀၀၃၇၈)၊ ဒေါ်သီရိစိုးဝင်း(၉/အမရ(နိုင်)၀၀၁၁၁၈)တို့က အဆက်ဆက်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သီဂီစိုး (၁၂/ကမတ(နိုင်)၀၅၁၂၅၀)က (၂၈-၁၀-၂၀၂၄)ရက်စွဲပါ "နှစ်ဦးသဘောတူ Condo အခန်းအရောင်းအဝယ်စာချုပ်" ပြုလုပ်ချုပ်ဆို၍ ငွေအပြေအကြေပေးချေကာ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းကို အရောင်းအဝယ်ပြုလုပ်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟုအဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးစွမ်းထက်ပိုင် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၆၂၀၆) | ဒေါ်ပိုးဇာနည်ဝင်း (အထက်တန်းရှေ့နေ) |
| LL.B, DBL,DIL,MA(Business Law) | LL.B(စဉ်-၅၀၅၉၅) |
| ဖုန်း၊ ၀၉-၄၃၀၉၄၆၇၂ | ဖုန်း၊ ၀၉-၇၉၉၈၉၀၄၉၂ |

တိုက်(၁၄)၊ အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။

## စစ်ကိုင်းတောင်ရိုး(ဝါးချက်) ဇီဝိတဒါနသံဃာ့ဆေးရုံ ခွဲစိတ်ကုသရေးအထူးအစီအစဉ် (၃/၂၀၂၄)

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး (ဝါးချက်) ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ရန်ကုန်မြို့မှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဦးဝင်းမြင့်အဖွဲ့နှင့် ဆေးရုံဝန်ထမ်းများပူးပေါင်း၍ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၁)ရက်မှ (၂၃)ရက်ထိ အောက်ဖော်ပြပါရောဂါများကို စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးပါမည်။

၁။ သည်းခြေအိတ်ကျောက်တည်ခြင်းရောဂါ (Gall Stone)
(ဝမ်းဗိုက်တွင်း ခွဲစိတ်မှန်ပြောင်းစက် Laparoscope ဖြင့် ကုသပေးပါမည်။)
၂။ အူကျရောဂါ (Hernia)
၃။ လည်ပင်းကြီးရောဂါ (Goitre)
၄။ မုတ္တရောဂါ (Hydrocele)
၅။ ဂရင်ဂျီနာ (F.I.A)
၆။ လိပ်ခေါင်းရောဂါ (Pile)

**ကြိုတင် စမ်းသပ်/စစ်ဆေးပေးမည့် အစီအစဉ်**

| | | |
|---|---|---|
| နေ့ရက် | - | (၂၈-၁၀-၂၀၂၄) မှ (၁၉-၁၁-၂၀၂၄) ရက်နေ့အထိ |
| အချိန် | - | နံနက် (၈)နာရီမှ (၁၂)နာရီ |
| | | နေ့လယ် (၂)နာရီမှ ညနေ (၄)နာရီထိ |

ကုသမှုခံယူလိုသော လူနာများသည် ကြိုတင် စမ်းသပ်/စစ်ဆေးရန် လိုအပ်ပါသဖြင့် ဆေးရုံဝန်ထမ်းများမှ ကြိုတင် စမ်းသပ်/စစ်ဆေးပြီးမှသာ ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် ဆက်လက်ကုသနိုင်ရန် ရက်ချိန်းပေးပါမည်။

မိမိတို့၏ ဆေးမှတ်တမ်းများနှင့် ယခုသောက်နေသော ဆေးများရှိပါက ယူဆောင်လာခဲ့ပါ။

သွေးကျဲဆေးသောက်နေသော လူနာများကို (၇-၁၁-၂၀၂၄)ရက်နေ့အထိသာ ကြိုတင် စမ်းသပ်/စစ်ဆေးပေးပါမည်။

**ကုသမှုအစီအစဉ်ကို သိရှိလိုပါက ဆေးရုံဖုန်း ၀၉-၉၁၀၄၃၇၃၇၊ ၀၉-၄၅၀၂၀၀၇၃၇၊ ၀၉-၄၅၀၂၀၀၇၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။**

ဆေးရုံကြီးကြပ်စောင့်ရှောက်ရေးအဖွဲ့










## အိမ်နှင့်ခြံ ရောင်းမည်

- ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ
- မန္တလေး-လားရှိုးအဆင်းလမ်းဘေး

ဆက်သွယ်ရန်/

၀၉-၇၇၀၁၂၇၇၃၅

၀၉-၈၈၆၆၆၆၁၇၁

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ဟိုပိတ်အုပ်စု၊ မန်မိုင်ရွာနေ အိုက်မောင် (ဘ) ဦးအိုက်စိုင်း (၁၃/လရန(နိုင်)၁၅၈၆၂၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၄၀၄၈၅၆၇၈

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တောမတက္ကသိုလ်၊ ဓာတုဗေဒဘာသာရပ်သင်ကြားနေသော မဖြိုးဝေခိုင်နှင့် တံတားဦးမြို့နယ်၊ သူငယ်တော်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ Grade-11 တွင် ပညာသင်ကြားနေသော မသဲရွှေဇင် တို့၏ဖခင်မှာ ဦးဖိုးဆိုး (ခ) ဦးဖိုးကောင်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဖိုးဆိုး(ခ)ဦးဖိုးကောင်း(၉/တတဥ(နိုင်)၀၈၄၀၂၃)

## အဖိုးတန်ရေချိုကို ချွေတာပါ

❖ **တိုင်းပြည် သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၃၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၃၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာ ယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၆၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan UD Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး **စာမျက်နှာ ၂၂ ကော်လံ ၁** ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် ရာမညယူနိုက်တက်အသင်းနှင့် University အသင်းတို့ နိုင်ပွဲရရှိ

စာမျက်နှာ- ၉



Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..